# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လှိုင်းတက်–ကင်းသာလမ်း မြေသားလမ်းပြီးစီးမှုကြည့်ရှု ကျန်နေသေးသည့်လမ်းလုပ်ငန်းများ ကြိုးစားဆောင်ရွက်ရန်မှာကြား

**ရန်ကုန် မတ် ၁၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ခရိုင်ချင်းဆက်လမ်း အမှတ်(၂)(သာစည်)လှိုင်းတက်–(တပ်ကုန်း)ကင်းသာလမ်းဆုံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)(သာစည်) လှိုင်းတက်–(တပ်ကုန်း)ကင်းသာလမ်းပိုင်း မြေသားလမ်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် လူ့အခွင့်အရေးအစီရင်ခံစာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့်စာတမ်းတစ်ရပ်သာဖြစ် မြန်မာအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကို မသိကျိုးကျွံပြုထား မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံပယ်ချ

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ခုနှစ် မတ် ၉ ရက် နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွက် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။**

**အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**သတင်းထုတ်ပြန်ချက်**

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ ခုနှစ် မတ်လ ၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွက် လူ့အခွင့်အရေးအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့် စာတမ်းတစ်ရပ်သာဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

❒ လူ့အခွင့်အရေးဟူသော စကားလုံးသည် နယ်ချဲ့လက်ဟောင်းလက်သစ်များ ကျူးကျော်စွက်ဖက်ရေးသမားများက ရေလဲသုံးနေကြသဖြင့် ဆီသည်မ လက်သုတ်ပုဝါကဲ့သို့ညစ်ထေးပေကျံနေရသည်။ ရုပ်ပျက် ဆင်းပျက် သရုပ်ပျက်ဖြစ်နေရသည်။

**တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ ၈–၉)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

# ပြည်တွင်းစားသုံးဆီဖူလုံရေး စေတနာထားကြိုးပမ်း ဆီအုန်း တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း ပိုမိုဖြစ်ထွန်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုများ မြင့်မားလာလျက်ရှိသည်။ စပါးနှင့်အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် စားနပ်ရိက္ခာဖူလုံ ပိုလျှံလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။

တနင်္သာရီတိုင်းကဲ့သို့ မြေလွတ်မြေရိုင်းများစွာရှိပြီး စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် အလားအလာကောင်းများရှိသည့် ဒေသတွင် ရေ မြေ ရာသီဥတုနှင့်ကိုက်ညီ ဖြစ်ထွန်းသော သီးနှံများ ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်က တနင်္သာရီတိုင်းတွင် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဆီအုန်းကို ဧကေါ်းသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များအား မြေယာလုပ်ပိုင်ခွင့်များချထားပေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စေတနာနှင့်ရည်မှန်းချက်ကို နားလည်သိရှိပြီး တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးတို့အတွက် စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပေသည်။ ဆီအုန်းဧကေ ငါးသိန်းကို စောနိုင်သမျှစောစွာ စိုက်ပျိုးပြီးစီးရေး အားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်က လူဦးရေနည်းပါးသဖြင့် မကွေးတိုင်းမှ အများဆုံးထွက်ရှိသည့် စားသုံးဆီများဖြင့် လုံလောက်မှုရှိခဲ့သည်။ ယခုအခါ နိုင်ငံအတွင်း တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးတက်များပြားလာသဖြင့် စားသုံးဆီ လိုအပ်ချက်ရှိလာပြီး ပြည်ပမှ စားအုန်းဆီကိုပင် တင်သွင်းလာခဲ့ရသည်။

စားသုံးဆီများကို နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်းစသော ရာသီသီးနှံများမှ ရရှိသော်လည်း တစ်ဧကအထွက်နှုန်း ပိုမိုမြင့်မားသော ဆီအုန်းပင်များကို စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တနင်္သာရီတိုင်းအတွင်း ဆီအုန်း ဧကေါ်းသိန်း စိုက်ပျိုးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုမ္ပဏီ ၃၅ခုတို့က ပါဝင်စိုက်ပျိုးလျက်ရှိနေကြသည်။ ဆီအုန်းဧကေ တစ်သိန်းခြောက်သောင်းကျော် စိုက်ပျိုးပြီးစီးလျက်ရှိပြီး အချို့ကုမ္ပဏီများအနေဖြင့် ဆီအုန်းဆီကြိတ်စက်ရုံများပင် တည်ဆောက်၍ စမ်းသပ်လည်ပတ်လျက် ရှိနေပြီဖြစ်သည်။

တနင်္သာရီတိုင်းအတွင်း မြေလွတ်မြေရိုင်းများစွာရှိနေသည်ဖြစ်ရာ ဆန်စပါးကိုသာမက ဝင်ငွေတိုး အကျိုးရှိစေမည့် ရေမြေရာသီဥတုနှင့်ကိုက်ညီဖြစ်ထွန်းသော ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်း သီးနှံတို့ကိုလည်း တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

ထို့အပြင် ဇီဝလောင်စာဆီရရှိနိုင်သည့် ခြစ်ဆည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့်လည်း ဝင်ငွေတိုး အကျိုးများစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးမှုများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူလယ်သမားများက ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် စေတနာထား၍ ကြိုးပမ်းသွားကြသည်နှင့် အမျှ ဆီအုန်းတိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း အလှူငွေပေးအပ်

## မြိတ်မြို့သစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၅

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ မတ် ၈ရက် နံနက် ၈နာရီက မြိတ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ သွားရောက်၍ အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ တနင်္သာရီတိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးအရာရှိ ဒေါ်သန်းဌေးက ကျောင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ကျောင်းသူတစ်ဦးချင်းက တိုင်းမှူးအား ဂါရဝပြုမိတ်ဆက်ကြသည်။**

### လက်ခံရယူ

ထို့နောက် တိုင်းမှူးကအမှာစကားပြောကြားပြီး အလှူငွေများပေးအပ်ကြရာ တိုင်းမှူးနှင့်ဇနီးတို့က အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ ကျော်ကျော်ဖြိုး ရေလုပ်ငန်းကုမ္ပဏီမှ ဦးကျားမောင်နှင့်တိုင်းအဆင့်ဌာနဆိုင်ရာများက ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း စုစုပေါင်းအလှူငွေကျပ် ခြောက်သိန်းကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ တိုင်းဦးစီးအရာရှိ ဒေါ်သန်းဌေးကလက်ခံရယူသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်နွဲ့က သင်တန်းသူအမျိုးသမီးငယ်များအား အားပေးစကားပြောကြားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာပေးဟောပြောကာ လုံချည်တစ်ထည်စီနှင့် မဂ္ဂဇင်းစာအုပ်များ၊ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

### ကြည့်ရှုအားပေး

ထို့နောက် သင်တန်းသူများက ကိုယ်တိုင်စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များကို လက်ဆောင်ပေးအပ်ကြပြီး တိုင်းမှူးနှင့်ဇနီး တာဝန်ရှိသူများသည် သင်တန်းကျောင်းဝင်းအတွင်း သင်တန်းသူများကိုယ်တိုင် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲ ၁ နာရီတွင် တိုင်းမှူးသည် မြိတ်မြို့ ကျွဲကူး-ကျောက်ဖျာတံတားအနီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ကျင်းပသည့် မြိတ်မြို့သစ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ အစီအစဉ်အရ မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်းရေးဆွဲရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးကတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မြိတ်မြို့သစ်ဖော်ထုတ်ဆောင်ရွက်မှုလုပ်ငန်း အခြေအနေများနှင့် ရေရရှိရေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပေးအပ်လှူဒါန်း**

**မတ် ၁၀ ရက်က မှော်ဘီမြို့နယ် တွဲဖက်အထကအတွက် ဟော်ကီအားကစားဝတ်စုံများကို ဦးလှစိန် (လှစိန်နှင့် ဘရားသား °°Co)က ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာအမှတ် ၈၃/၈၄ နေ ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝင်းမိသားစု(ရှင်းရှင်းဆေးပေါ့လိပ်)က စကြာအတွက် အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၁၆-၃-၂၀၀၆ (ကြာသပတေးနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၇း၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၄း၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၅၀ | ၇။ | ရွှင်ကြည်ပြုံးစရာ တေးကဗျာ |
| ၅း၀၀ | ၈။ | မျိုးချစ်တပ်မတော် |
| ၅း၄၀ | ၉။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၅ | ၁၀။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၅။ | ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၁၈) |
| ၆း၄၀ | ၁၆။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၂၃) |
| ၈း၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၁၇) |

# မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားကို အစိုးရနှင့်ပြည်သူများထက် မည်သည့် ပြည်ပနိုင်ငံကမှ ပို၍သယ်ပိုးဆောင်ရွက်နိုင်မည်မဟုတ်

**✡ ရှေ့ဖုံးမှ**

လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးမှ အဖွဲ့အစည်းအများစုသည် ဥပဒေဘောင်အတွင်း ဝင်ရောက်နေကြသည်နှင့်အညီ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရချိန်ကစ၍ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများ ရရှိနေပါသည်။ အစိုးရသည် ထိုအဖွဲ့အစည်းများနှင့် လက်တွဲကာ ၎င်းတို့နေထိုင်ကြသည့် အစွန်အဖျား နယ်စပ်ဒေသများတွင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် လျစ်လျူရှုထားခြင်းခံနေရသည့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းများ မြှင့်တင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါသည်။

၂၀၀၅ခုနှစ်အတွင်း အမျိုးသားညီလာခံကြီးကို နှစ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းမည့် မူကြီးများအားအနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အတည်ပြုခြင်းများအတွက် တိုးတက်မှုများ အထင်အရှားရရှိခဲ့ပါသည်။ ထိုညီလာခံသို့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များပါဝင်သည့် ကိုယ်စားလှယ်တစ်ထောင်ကျော် တက်ရောက်ခဲ့ကြပါသည်။

အစိုးရသည် ပြည်သူလူထုကြီးတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ကျန်းမာရေးနှင့်ပညာရေးအပါအဝင် လူမှုရေးဝန်ဆောင်မှုကဏ္ဍများတွင် တိုးတက်မှုများလည်း ရရှိနေပါသည်။

မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကထက် မည်သည့် ပြည်ပနိုင်ငံကမှပို၍ သယ်ပိုးဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါအစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက် တစ်ရပ်သာဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကို မသိကျိုးကျွန်ပြုထားပါသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချလိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရန်ကုန်မြို့**
**ရက်စွဲ – ၂၀၀၆ ခုနှစ်၊ မတ်လ၁၅ရက်။**

**● ကျောဖုံးမှ**

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ကျူဒိုသတင်းဌာနမှ သတင်းထောက် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

**ရှင်းလင်းပြသ**

အဆိုပါ အဖွဲ့ဝင်များအား (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်း အချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီများကိုလည်းကောင်း၊ ခန်းမအဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက် အရိုင်းတုံးများနှင့် ထည်လုံးစိမ်း ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမ အပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ဈေးပြိုင်ရောင်းချမည့် ကျောက်မျက် အတွဲများနှင့် ပုလဲ အတွဲများကိုလည်းကောင်း၊ လိုက်လံကြည့်ရှုကြရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များက ရှင်းလင်းပြသကြသည်။

**သတင်းစာရှင်းလင်း**

ထို့နောက် ကျောက်မျက်ရတနာ ခန်းမရှိဈေးပြိုင်ခန်းမ၌ ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များကပြပွဲခင်းကျင်းပြသရောင်းချရေးနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား သတင်းစာရှင်းလင်းကျင်းပသည်။

ရှေးဦးစွာ ၂၀၀၆ခုနှစ်၊ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခုနှစ် (၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော ရွှေရောင်ပုလဲများမှာအရည်အသွေး အထူးကောင်းမွန်ပါကြောင်း ပြပွဲတွင် တင်ပြရောင်းချမည်ဖြစ်ကြောင်း။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ပုလဲအတွဲ စုစုပေါင်းအတွဲ ၂၅၀၊ ပုလဲလုံးရေ၂၃၉၅၀အလေးချိန် ၁၆၀၃၀ ဒသမ၁၀ မိုမီဖြစ်ကြောင်း၊ ပုလဲအတွဲ (၃၄)တွဲအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ပုလဲအတွဲ ၂၁၆ တွဲအား တင်ဒါစနစ်ဖြင့်လည်းကောင်းရောင်းချသွားမည်ဖြစ်ကြောင်း။

ကျောက်စိမ်းအနေဖြင့် အရည်အသွေး ကောင်းမွန်သည့် အထည်ကျောက် အရိုင်းတုံးငါးတုံးအပါအဝင် ကျောက်စိမ်းအတွဲ စုစုပေါင်း၂၄၅၉တွဲ တင်ပြရောင်းချမည်ဖြစ်ကြောင်း။

ယခုပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၂၅၁တွဲတင်ပြထားရာ မိုင်းရှူး ကျောက်မျက်အတွဲ ၅၁တွဲနှင့် အခြေခံဈေးယူရို ၃ဒသမ၅ သန်းဖြင့် တင်ပြရောင်းချမည့် ကျောက်ကြီးကျောက်ကောင်း ပတ္တမြားတာ(၁)တွဲ အပါအဝင် မိုးကုတ် ကျောက်မျက်အတွဲ စုစုပေါင်း၂၀၄တွဲ ဖြစ်ကြောင်း။



**(၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဝင်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အဖွဲ့ဝင်များ ကျောက်မျက်ရတနာအရောင်းဆိုင်များအား လိုက်လံကြည့်ရှုကြစဉ်။** (မြန်မာ့အလင်း)

**ရှင်းလင်းပြောကြား**

လက်ဝတ်ရတနာ ပစ္စည်းများအနေဖြင့် လက်ဝတ်ရတနာမျိုးစုံ ၁၀၄၅ ခုအား ပုံသေဈေးဖြင့် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက် အမှာစကား ပြောကြားသည်။

**ထူးခြားသည့်ပြပွဲ**

(၄၃)ကြိမ်မြောက် ရတနာပြပွဲသို့ တက်ရောက်ရန် နိုင်ငံပေါင်း(၂၄)နိုင်ငံမှ ကုမ္ပဏီ ၇၈၂ခုကို ဖိတ်ကြားခဲ့ ရာ ယမန်နေ့အထိ နိုင်ငံ ၁၁နိုင်ငံ ကုမ္ပဏီပေါင်း ၇၀မှ ရတနာကုန်သည် ၁၆၅ ဦး တက်ရောက်မည် ဖြစ်ကြောင်း ပြန်ကြားထားကြောင်း၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်များသည် ပြန်ကြားလေ့မရှိဘဲ နီးမှလာရောက်လေ့ရှိကြောင်း၊ (၄၃)ကြိမ်မြောက်ရတနာပြပွဲသို့ နိုင်ငံခြားမှ ရတနာကုန်သည်ပေါင်း ၁၀၀၀ကျော်တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ (၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲသည်ထူးခြားသည့်ပြပွဲဖြစ်ကြောင်း၊ ပုလဲအနေနှင့် တောင်ပင်လယ်ပုလဲအဖြစ် ကမ္ဘာတွင် ကျော်ကြားခဲ့ရာ ယခုပြပွဲတွင် တင်ပြသည့် မြန်မာ

**ပြန်လည်ဖြေကြား**

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ်အမှာ စကားပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**■ ကျောဖုံးမှ**

မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာများ၏အရည်အသွေးသည် ကမ္ဘာ့ အဆင့်အတန်းမီသည့်အပြင် အချို့ကျောက်မျက်များသည် ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံးကျောက်မျက် ရတနာတန်းဝင်များ ဖြစ်လေသည်။ ယခု (၄၃)ကြိမ်မြောက် ခင်းကျင်းပြသရောင်းချမည့် မြန်မာ ကျောက်မြတ်ရတနာများတွင် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့် ကျောက်မျက် ၆၆တွဲ၊ ကျောက်စိမ်း၁၉၀တွဲနှင့် ပုလဲ ၃၄တွဲတို့ ဖြစ်သည်။

**တင်ဒါစနစ်**

ထို့အပြင် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်များမှာ ကျောက်မျက် ၆၂တွဲ၊ ကျောက်စိမ်း ၂၂၆၉တွဲနှင့် ပုလဲ ၂၁၆တွဲတို့ဖြစ်ပြီး ပုံသေဈေးနှုန်းဖြင့်ရောင်းချမည့် ကျောက်မျက်များမှာ အတွဲပေါင်း ၁၂၃တွဲ ပါဝင်လေသည်။

ယခုပြသရောင်းချမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ယခင်နှစ်၊ယခင်အကြိမ်ပြပွဲများနှင့်မတူ ထူးခြားမှုရှိသည်။ ပြီးခဲ့သည့်(၄၁)ကြိမ်က ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ကျော် ပြသ ရောင်းချခဲ့ပြီး၊ (၄၂)ကြိမ်က ကျောက်စိမ်းအတွဲပေါင်း ၂၁၀၀ကျော် ခင်းကျင်းပြသ ရောင်းချခဲ့သည်။ ယခု (၄၃)ကြိမ်မြောက်တွင် ကျောက်စိမ်းအတွဲပေါင်း ၂၄၅၉တွဲ ရှိရာ အများဆုံးပင်ဖြစ်သည်။

**ရတနာကုန်သည်**

ထို့အတူ ယခင်အကြိမ်များ ထက်လည်း ကြမ်းခင်းဈေးအမြင့်ဆုံး ဖြစ်သည်။မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပခဲ့သည့်အကြိမ်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးက ရတနာကုန်သည်များ တစ်နှစ် ထက်တစ်နှစ် လာရောက်မှုများပြားလျက်ရှိရာ ယခု (၄၃)ကြိမ်တွင် နိုင်ငံပေါင်း ၁၁နိုင်ငံမှ ရတနာကုန်သည် ၁၀၀၀ ကျော် လာရောက်ကြမည်ဖြစ်သည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြသူများမှာ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ရုရှား၊ စင်ကာပူ၊ စပိန်၊ သီရိလင်္ကာ၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့ဖြစ်ပြီး လာရောက်သူအရေအတွက်အများဆုံးမှာ တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့မှ ဖြစ်ကြသည်။

**အရည်အသွေး**

ယခု ခင်းကျင်းပြသလျက်ရှိသည့် (၄၃)ကြိမ်မြောက်ကျောက်မျက်ရတနာပြပွဲတွင် စိတ်ဝင်စားမှု အကောင်းဆုံးမှာ ၃၃ ဒသမ ၃၉ ကာရက်ရှိ မိုးကုတ်ပတ္တမြားကြီးပင် ဖြစ်သည်။ အရည်အသွေးကောင်းမွန်ပြီး ကမ္ဘာ့အဆင့်အတန်းမီ အဖိုးတန်ကျောက်ဖြစ်ရာ မထိရက် မကိုင်ရက်စရာပင် ဖြစ်သည်။

**ပုလဲ**

ထို့အပြင် မြန်မာနိုင်ငံမှထွက်ရှိသည့် ရွှေရောင်ပုလဲများဖြစ်သည်။ ရွှေဖိတ် ဖိတ်တောက်ပနေသည့် ကမ္ဘာပေါ်တွင် အကောင်းဆုံး မြန်မာ့ပုလဲများကလည်း ကမ္ဘာ့ရတနာ ကုန်သည်များကို ဆွဲဆောင်လျက်ရှိနေသည်။ ကမ္ဘာပေါ်တွင် ရွှေရောင်ပုလဲထွက်ရှိမှု၌ မြန်မာ့ရွှေရောင်ပုလဲများသည် အကောင်းဆုံးဖြစ်ကြောင်း နိုင်ငံတကာက အသိအမှတ်ပြုထားလေသည်။

**ကျောက်စိမ်း**

တစ်ဖန် အလေးချိန်၁၂၅ကီလိုရှိသည့် မြန်မာ့ကျောက်စိမ်းတွဲကလည်း ယူရိုငွေတစ်သန်းဖြင့်သတ်မှတ်ထားရာ အရည်အသွေးကောင်းမွန်လှသဖြင့် ရတနာကုန်သည်များ၏ စိတ်ကို ညို့ယူဖမ်းစားမှုအပြည့်ရှိနေသည်။

**ခင်းကျင်းပြသ**

ပတ္တမြားရောင်၊ ရွှေရောင်၊ ကျောက်စိမ်းရောင်များ လွှမ်းနေသော (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကား အရည်အသွေးကောင်း၊အဆင့်အတန်းမီသည့်ကျောက်မျက်ရတနာများဖြင့် ကမ္ဘာ့ရတနာကုန်သည်များအကြိုက် ထည်ထည်ဝါဝါ ခင်းကျင်းပြသထားပါကြောင်း လေ့လာတင်ပြလိုက်ပါသည်။

**(မြန်မာ့အလင်း)**

## စွဲမက်စရာပုလဲရတနာ

**ရွှေရောင်တဖိတ်ဖိတ်တောက်ပနေသည့် မြန်မာ့ရွှေရောင်ပုလဲများကလည်း စွဲမက်နှစ်ခြိုက်စရာ။** ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

# ကမ္ဘာ့အမြင့်ဆုံး တောင်ပေါ်မီးရထားလမ်း

တရုတ်နိုင်ငံတောင်ပေါ်ဒေသ၌ ပြေးဆွဲနေသော ရထားတစ်စင်းကို တွေ့ရစဉ်။

လာဆာ မတ် ၁၅

**တရုတ်နိုင်ငံအနောက်ပိုင်း တိဗက်ဒေသ လာဆာမြို့တွင် တရုတ်ပြည်မကြီးနှင့် ဆက်သွယ်မည့် မီးရထားလမ်း ဖောက်လုပ်လျက်ရှိရာ ၎င်းမီးရထားလမ်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးမီးရထားလမ်းတစ်ခုဖြစ်လာမည် ဖြစ်သည်။**

အဆိုပါ မီးရထားလမ်းသည် တွင် ဖြတ်သန်း ဖောက်လုပ်ထားခြင်း တောင်တန်း တောင်ကုန်းများပေါ် ဖြစ်ပြီး အမြင့်ပေ ၁၆၅၀၀ရှိသော တောင်ကုန်း တောင်တန်းများပေါ်တွင် လည်းကောင်း၊ အမြင့်ပေ ၁၃၀၀၀ရှိသော တောင်တန်းများပေါ်တွင် လည်းကောင်း ဖြတ်သန်း ဖောက်လုပ်ထားခြင်း ဖြစ်သည်။

**စတင်ပြေးဆွဲ**

ယခုအခါ လာဆာမြို့တွင် မီးရထား ဘူတာရုံအသစ် တည်ဆောက်ပေးလျက်ရှိပြီး မတ်လကုန်မှစ၍ ကုန်တင်မီးရထားများနှင့် ခရီးသည်တင် မီးရထားများ စတင်ပြေးဆွဲမည် ဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာ သတင်းများ

# တာတိုပစ်ဒုံးကျည် အိန္ဒိယ စမ်းသပ်ပစ်လွှတ်

**နယူးဒေလီ မတ် ၁၅**

အိန္ဒိယနိုင်ငံသည် အိန္ဒိယအရှေ့ပိုင်း အိုရီဆာစစ်အခြေစိုက်စခန်းတစ်ခုမှ ဒုတိယအကြိမ်မြောက် တာတိုပစ်လေယာဉ်တင် ဝေဟင်ခွင်းဒုံးကျည်တစ်ခုကို မတ် ၁၃ရက် တနင်္လာနေ့၌ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်ဒို-အာရှ သတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

**ပစ်လွှတ်ခဲ့**

အဆိုပါ ဒုံးကျည်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိုရီဆာရှိ ချန်ဒီဖူရာ ဒုံးကျည်ပစ်လွှတ်ရေးစခန်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

**ပစ်ခတ်နိုင်**

အမည်မပေးထားသည့် တာတိုပစ်လေယာဉ်တင် ဝေဟင်ခွင်း ဒုံးကျည်သည် ခရီး မိုင်အကွာ ၁၀ကီလိုမီတာအတွင်း ပစ်မှတ်များကို ပစ်ခတ်နိုင်မည် ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပီကာဆို၏ ထူးခြားလက်ရာ

**စပိန်နိုင်ငံတောင်ပိုင်း မာလာဂါပီကာဆို၏ ပြတိုက်၌ ကမ္ဘာကျော် ပန်းချီပညာရှင် ပီကာဆို၏ထူးခြားသော လက်ရာတစ်ခုကို မတ် ၁၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အဘိုးနှင့်အဘွားတို့အား စောင့်ရှောက်ပေးမည့်စက်ရုပ်တီထွင်



**တိုကျို မတ် ၁၅**

ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ လက်တွေ့စမ်းသပ်ခန်းတွင် ရီမန်းစက်ရုပ်တစ်ရုပ်က လူအရွယ်အစားရှိ အရုပ်တစ်ရုပ်ကို ပွေ့ချီလာသည်ကို မတ် ၁၃ရက်က တွေ့ရှိရခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို လူဦးရေသည် တိုးပွားများပြားလာသောကြောင့် ၎င်းတို့ကို အထောက်အကူပြုရန်အတွက် စက်ပစ္စည်းကိရိယာများကို တီထွင်ထုတ်လုပ်လာခဲ့ကြသည်။

ရီမန်းစက်ရုပ်သည် သက်ကြီးရွယ်အိုများအား ပွေ့ချီသယ်ပိုးပေးနိုင်သောကြောင့် အဘိုးနှင့်အဘွားများကို ပြုစုစောင့်ရှောက်ပေးနိုင်မည် ဖြစ်သည်။ **(အင်တာနက်)**

# ဘင်္ဂလားဒေ့ရှ် ကာတာငွေများ အရောင်နှင့်အရွယ်အစားပြောင်းမည်

**ဒါကာ မတ် ၁၅**

ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်(ဘီဘီ)က ၎င်းနိုင်ငံ၏ ငွေအကြွေများကို အရွယ်အစားနှင့် အရောင်ပြောင်းလဲရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ၎င်းဘဏ်က မတ် ၁၃ ရက်၌ ပြောကြားသည်။

အဆိုပါဘဏ်က ယခုနှစ်ဧပြီလမှစပြီး လုပ်ငန်းများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘီဘီ၏ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၁၃ ရက်၌ ပြောကြားသည်။

ယင်းကဲ့သို့ ဘင်္ဂလားဒေ့ရှ်ငွေအကြွေများကို အရောင်နှင့်အရွယ်အစားပြောင်းလဲခြင်းမှာ ငွေကြေးအတုပြုလုပ်ခြင်းကို ကာကွယ်ဟန့်တားရန် ဖြစ်ကြောင်း သိရသည်။

အဆိုပါဗဟိုဘဏ်က ပြောင်းလဲမှုငွေအကြွေများမှာ ကာတာ ၅၀၀ တန်၊ ကာတာ ၁၀၀ တန်နှင့် ကာတာ ၅၀ တန်တို့ ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မလေးရှားနှင့် စင်ကာပူ နှစ်နိုင်ငံဆက်သွယ်သည့်တံတား

**ကွာလာလမ်ပူ မတ် ၁၅**

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟောဘာရူပြည်နယ်နှင့် စင်ကာပူနိုင်ငံ ဆက်သွယ်ဖောက်လုပ်ထားသည့် ‘half bridge’ တံတားကြီးကို ယခုအခါ ပြန်လည်ပိတ်တော့မည် ဖြစ်သည်။

ထိုသို့ ‘half bridge’ တံတားကြီးကို ပြန်လည်ပိတ်ခြင်းမှာ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့အနေဖြင့် တံတားသစ်နှစ်ခုကို ထပ်မံဖောက်လုပ်ရန်ဖြစ်ကြောင်း သိရသည်။

ယခုအခါ တံတားသစ်နှစ်စင်းဖောက်လုပ်ရေးအတွက် နှစ်နိုင်ငံမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြပြီ ဖြစ်သည်။ **(အင်တာနက်)**



**မလေးရှားနှင့်စင်ကာပူဆက်သွယ်သည့် ‘half bridge’ တံတားကို တွေ့ရစဉ်။**

# ဂျပန်နိုင်ငံ၌ ဝင်ငွေကွာဟမှု ကြီးမားနေ

**တိုကျို မတ် ၁၅**

ဂျပန်နိုင်ငံတွင် ဝင်ငွေကွာဟချက်ကြီးမားလာလျက်ရှိကြောင်း ဂျပန်နိုင်ငံသား ၈၁ရာခိုင်နှုန်းက ထင်မြင်ယူဆလျက်ရှိသည်ဟု ယိုမီယူရီရှင်ဘွန်း သတင်းစာက ကျင်းပသော လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

ထိုသို့ ဂျပန်နိုင်ငံတွင် ဝင်ငွေကွာဟမှု ကြီးမားလာခြင်းသည် ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်သည်ဟု ဂျပန်နိုင်ငံသား ၅၆ရာခိုင်နှုန်းက ယူဆလျက်ရှိပြီး ၄၀ရာခိုင်နှုန်းက ထိုသို့ မယူဆကြောင်း ဖော်ပြကြသည်။

ဂျပန်နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့သော စစ်တမ်းတစ်ရပ်၌ အလုပ်ကြိုးစားမှုကြောင့် ဝင်ငွေပိုမိုရရှိပြီး ဝင်ငွေကွာဟချက်ကို ဖြေရှင်းနိုင်ခြင်း မရှိနိုင်ဟု ယူဆသူ ၅၉ရာခိုင်နှုန်းရှိပြီး ၃၉ရာခိုင်နှုန်းက ထိုသို့ အမြင်မရှိချေ။

သို့သော်လည်း ဝင်ငွေကွာဟမှုသည် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ၇၉ရာခိုင်နှုန်းက ပြောကြားပြီး ၁၈ရာခိုင်နှုန်းက ထိုသို့မဖြစ်နိုင်ဟု ပြောကြားသည်။ လူလတ်ပိုင်းနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ဝင်ငွေကွာဟမှုသည် စိုးရိမ်ဖွယ်ရာ ဖြစ်သည်ဟု ပြောကြားသည်။ **(အင်တာနက်)**

# ရှားပါး ပုရွက်ဆိတ်စားကောင် သားအမိ

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆန်းရှိုင်း အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်ပြပွဲ၌ အလွန်ရှားပါးသောပုရွက်ဆိတ်စားကောင် သားအမိကို ထည့်သွင်းပြခဲ့သည်။** (ဓါတ်ပုံ)

ပုရွက်ဆိတ်များနှင့် အခြားအင်းဆက်ပိုးများကိုသာ စားသုံးလေ့ရှိသောပုရွက်ဆိတ်စားကောင်မှ မွေးဖွားခဲ့သော သုံးလသားအရွယ် ပုရွက်ဆိတ် စားကောင်လေးလည်း ပါဝင်ပြသခဲ့သည်။ ယခုကဲ့သို့ ဂျပန်နိုင်ငံ တိုကျို မြို့ရှိ ရှားပါးသော ပုရွက်ဆိတ်စားကောင်မှ သားငယ်တစ်ကောင်ကို မွေးဖွားခြင်းသည် ပထမဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါပုရွက်ဆိတ်စားကောင်လေးကို ပြီးခဲ့သည့် ၂၀၀၅ခုနှစ် နိုဝင်ဘာလက တာအီအမည်ရှိ ပုရွက်ဆိတ်စား ကောင်အမကြီးမှ မွေးဖွားခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**

# ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု များပြားနေ

**နယူးယောက် မတ် ၁၅**

ကမ္ဘာလေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုသည် သိသိသာသာ တိုးတက်မြင့်မားလာကြောင်း အမေရိကန် ရာသီဥတုဆိုင်ရာ ပညာရှင်များက မတ် ၁၃ရက်၌ ပြောကြားသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ပါဝင်မှုသည် ကမ္ဘာ့လေထုလွှာအတွင်း စံချိန်တင်မြင့်မားလျက်ရှိရာ နောက်ဆုံးသုတေသနပြုချက်အရ ကမ္ဘာ့လေထု သိပ်သည်းမှု တစ်သန်းလျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၃၈၁ဆနှုန်းပါဝင်နေသည်ဟု ပညာရှင်များက သတိပေးထားသည်။

**တိုးတက်မြင့်မားနေ**

၂၀၀၅ခုနှစ်အတွင်း၌ ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ပါဝင်မှုနှုန်းမှာ ၂ဒသမ ၆ရာခိုင်နှုန်း တိုးမြင့်ခဲ့ကြောင်း ၎င်းပမာဏမှာ နှစ်စဉ် တိုးတက်မှုနှုန်းမြင့်မားနေသည်ကို ဖော်ပြနေကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ပါဝင်မှုနှုန်းထားမှာ ကမ္ဘာတစ်ဝန်းရှိ ရာသီဥတုဆိုင်ရာပညာရှင်အနေဖြင့် စံသတ်မှတ်ထားသည့် နှုန်းထားဖြစ်သည်။

ယခုကဲ့သို့ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှုနှုန်းထားကို အမေရိကရှိ ရှော့ကီးတောင်တန်းများ **(အပေါ်ပုံ)** အပါအဝင် တစ်ကမ္ဘာလုံးရှိ လေထုလွှာအတွင်း လက်တွေ့စမ်းသပ်မှုများအရ သုံးသပ်ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့်လေထုလွှာဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (အင်န်အိုအေအေ)က ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

**(အင်တာနက်)**

# နှစ်ပေါင်း ၄၀၀၀က လူ့အသုံးအဆောင်ပစ္စည်းများ ဘင်္ဂလားဒေ့ရှ်၌ ပထမဆုံး ရှာဖွေတွေ့ရှိ

ဒါကာ မတ် ၁၅

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်းတွင် နှစ်ပေါင်း ၄၀၀၀ ဝန်းကျင်ရှိ ချယ်ကိုလီသစ် ယဉ်ကျေးမှု လက္ခဏာနှင့် ဆင်တူသည့် ရှေးခေတ်လူ့အသုံးအဆောင်ပစ္စည်းများကို ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ဒေးလီးစတားသတင်းစာက မတ် ၁၂ရက်၌ ဖော်ပြသည်။**

ဂျာဟန်ဂျာနဂါ တက္ကသိုလ် ရှေးဟောင်းသုတေသနဌာန ဥက္ကဋ္ဌ ဆူဖီမိုစတာဖီဇာရာမင် ခေါင်းဆောင်သည့် ရှာဖွေတူးဖော်ရေးအဖွဲ့သည် မြို့တော်မှ ကီလိုမီတာ ၇၀ခန့်အကွာ နာဆင်ဒီခရိုင် အလယ်ပိုင်းရှိ ဝါရီဘာတက်စ်ဝါ၌ ရှေးခေတ်နေထိုင်မှုများအနက် တစ်ခုဖြစ်သည့် မြေတွင်းခန်းတစ်ခုကို သဲလွန်စရှာ၍ ခြေရာကောက်ခဲ့ကြသည်။

**ရှာဖွေတွေ့ရှိ**

ယခုတွေ့ရှိမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ချယ်ကိုလီသစ် ယဉ်ကျေးမှု ဖြစ်စဉ်များကို ပထမဦးဆုံး ရှာဖွေတွေ့ရှိခြင်းပင် ဖြစ်သည်။

အိနီယောသစ် သို့မဟုတ် ကြေးနီခေတ်ဟု လူသိများသည့် ချယ်ကိုလီသစ်ခေတ်သည် ကျောက်လက်နက်ကိရိယာတန်ဆာပလာများ အသုံးပြုမှုနှင့်ယှဉ်၍ ပေါ်ပေါက်လာခဲ့သည့် အစောပိုင်း သတ္တုအသုံးအဆောင်ပစ္စည်းအသုံးပြုခဲ့သော လူ့ယဉ်ကျေးမှု၏ ပြောင်းလဲဖြစ်ပေါ် တိုးတက်မှုအဆင့်တစ်ရပ်ပင် ဖြစ်သည်။

**တွေ့ရှိခဲ့ကြ**

ရှာဖွေတူးဖော်ရေးသမားများသည် မြေတွင်းခန်းအတွင်းသို့ ရေလှောင်ကန်တစ်ခု၊ မီးလင်းဖိုတစ်ခု၊ ပစ္စည်းသိုလှောင်ခန်းနှင့် အိမ်ထောင်စု အသုံးအဆောင်ပစ္စည်းများကိုလည်းတွေ့ရှိခဲ့ပြီး အခိုင်အမာပြုထားသည့် မြို့သို့ ဦးတည်ဖောက်လုပ်ထားဟန်ရှိသည့် အစောဆုံးလမ်းတစ်ခုကိုလည်း မြေအောက်တွင် တွေ့ရှိခဲ့ကြသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အင်တာနက် သတင်း နှင့် ဓာတ်ပုံ

# တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ ပြည်ပခရီးထွက်ဖျော်ဖြေကြမည်

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် အကျော်အမော်များဖြစ်သည့် ဂျန်ဒေါင်ဂွတ်(ဒါရိုက်တာရင်)၊ သရုပ်ဆောင် ဒါရိုက်တာကင်ဂျေဂျူး၊ အဆိုတော်များဖြစ်သည့် ကန်တာ၊ အမ်စီမောင့်၊ အီပက်ဟိုက်နှင့် ဆူဂျီယောင်တို့သည် အမေရိကန်နိုင်ငံသို့ ဖျော်ဖြေရေးခရီး ထွက်ခွာကြမည်ဖြစ်သည်။

**ဖျော်ဖြေ**

အမေရိကန်နိုင်ငံတွင် မတ် ၁၇ ရက်၌ ဖျော်ဖြေမှုများ ပြုလုပ်ကြမည်ဖြစ်ရာ လော့စ်အိန်ဂျလိစ်မြို့ ယူနီဗာဆယ် စတူဒီယိုခန်းမကြီး၌ စတင်ဖျော်ဖြေကြမည်ဖြစ်သည်။ တောင်ကိုရီးယားရုပ်ရှင် သရုပ်ဆောင်များအဖွဲ့တွင် ကင်ယွန်ဂျင်လည်း ပါဝင်မည်ဖြစ်ရာ ကင်ယွန်ဂျင်အနေဖြင့် အမေရိကန်၌ ရုပ်ရှင်ရိုက်ကူးရေးကိစ္စများလည်း ဆောင်ရွက်မည် ဖြစ်သည်။

**ငါးရက်ကြာ**

ယခုဖျော်ဖြေပွဲခရီးစဉ်သည် ငါးရက်ကြာမြင့်မည်ဖြစ်ပြီး အမေရိကန်မြို့ကြီးအချို့တွင် ဖျော်ဖြေကြမည်ဖြစ်သည်။ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ၏ ယခုခရီးစဉ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက သွားရောက်ဖျော်ဖြေခဲ့ကြသည်။

**(ကိုကားချက်-အင်တာနက်)**

# လက်ပ်တော့ကွန်ပျူတာများ လောင်စာအရည်ဓာတ်ခဲများဖြင့် အချိန်မရွေးသုံးနိုင်မည်

သင်၏ လက်ပ်တော့ ကွန်ပျူတာလေးသည် အားပြန်သွင်းစရာမလိုဘဲ တစ်နေကုန်အသုံးပြုလာနိုင်တော့မည်ဖြစ်သည်။ အကြောင်းမှာ စီးပွားဖြစ်ယင်းကွန်ပျူတာများတွင် အသုံးပြုနိုင်ရန် လောင်စာအရည် လျှပ်စစ်ဓာတ်ခဲများ ထုတ်လုပ်ရောင်းချပေးတော့မည်ဖြစ်ကြောင်း အင်တာနက်နည်းပညာ ဝက်ဘ်ဆိုက်တစ်ခု၌ ဖော်ပြထားသည်။ **(အောက်ပုံ)**

ယင်းလောင်စာအရည်လျှပ်စစ် ဓာတ်ခဲများသည် ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆိုင်များပေါ်တွင် ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့၌ကျင်းပသော နည်းပညာပြပွဲတစ်ရပ်၌ တရုတ်(တိုင်ပေ) အဆင့်မြင့်နည်းပညာ ကုမ္ပဏီဖြစ်သော အင်န်တစ်ကုမ္ပဏီက ပြောကြားသည်။

မက်သနောအရည်သုံး အဆိုပါ လောင်စာအရည်ဓာတ်ခဲသည် လက်ပ်တော့ ကွန်ပျူတာတစ်လုံးလျှင် ကိုးနာရီကြာ အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနည်းပညာသည် မကြာသေးမီက နိုင်ငံတကာဆိုင်ရာ လေကြောင်းပျံသန်းရေး ညှိနှိုင်းရေးမှူးများက လေယာဉ်များပေါ်တွင် မက်သနော သယ်ဆောင်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသည့် ဥပဒေကို ပြင်ဆင်ပြောင်းလဲခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းလောင်စာအရည်ဓာတ်ခဲများသည် မက်သနောအရည်များပြန်ဖြည့်ပေးခြင်းဖြင့် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

**(ကိုးကားချက်-အင်တာနက်)**



## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အိန္ဒိယ၌ ဖောက်ခွဲရေးပစ္စည်းများ ရှာဖွေတွေ့ရှိ

**မွမ်ဘိုင်း မတ် ၁၅**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ လူစည်ကားသော မီးရထားဘူတာ၌ ဖောက်ခွဲရေးပစ္စည်းများကို ရဲတပ်ဖွဲ့က စနေနေ့တွင် ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းဖောက်ခွဲရေးပစ္စည်းများကို မွမ်ဘိုင်းတောင်ပိုင်းရှိ ဘိုင်ကူလာ မီးရထားဘူတာ၏ သန့်စင်ခန်းအတွင်းတွင် ဝှက်ထားခဲ့ခြင်းဖြစ်သည်။ ယင်းဘူတာသည် နေ့စဉ် ခရီးသည်ထောင်ပေါင်းများစွာ သွားလာလျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

# သတင်းစာ ထုတ်လုပ်မှု

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အလင်း သတင်းစာတိုက်တွင် မြန်မာ့အလင်း သတင်းစာ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# သတင်းစာတိုက်ဝန်ထမ်းများ နိုင်ငံ၏အရေးကြီးသည့် Media ကဏ္ဍတွင် တာဝန်ထမ်းဆောင်သူများဖြစ် လုပ်ငန်းသဘာဝမှာ ညပိုင်းတွင်နိစ္စဓူဝထမ်းဆောင်ကြရ၍ ဝန်ထမ်းများ၏လုပ်အားကို အသိအမှတ်ပြု

## သတင်းစာများ၏အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အစဉ်အမြဲပြောင်းလဲတိုးတက်နေရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် မတ် ၁၅

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါ၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် The New Light of Myanmarသတင်းစာတိုက်များသို့ ယမန်နေ့ညပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးတို့ကို တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားမှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ရှေးဦးစွာပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ညရနာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၅၃)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိလာရာသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

### စီမံဆောင်ရွက်ထားရှိ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် မန်နေဂျာ ဦးဇော်ဝင်းတို့က သတင်းစာတိုက် လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### ကြေးမုံသတင်းစာတိုက်ရောက်ရှိ

ထိုမှတစ်ဆင့်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ည၁၀ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့် အမှတ်(၇၇)ရှိ ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ်ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကြေးမုံသတင်းစာတိုက် ကွန်ပျူတာစာစီခန်း၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ စာတည်းမှူးချုပ် ဦးမြင့်ဆွေနှင့် မန်နေဂျာဒေါ်ခင်ညိုဝင်းတို့က ကြေးမုံသတင်းစာတိုက်၏ လုံခြုံရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊သတင်းစာပုံနှိပ်လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ဝန်ထမ်းများအား အမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကြေးမုံသတင်းစာ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### The New Light of Myanmar ရောက်ရှိ

ထိုမှတစ်ဆင့်ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်သို့ ည ၁၁နာရီ မိနစ် ၂၀တွင် ရောက်ရှိရာ စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံပြီး စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ မန်နေဂျာ ဦးထွန်းထွန်းလတ်နှင့် တာဝန်ရှိသူတို့က The New Light of Myanmar သတင်းစာတိုက်၏ထုတ်လုပ်မှုလုပ်ငန်းများနှင့် စီမံရေးရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဝန်ထမ်းများအား အမှာစကားပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကွန်ပျူတာဌာန IMAGESETTER နှင့် PLAT EPROCESSO တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သတင်းစာတိုက်များ လုံခြုံရေးအတွက် တာဝန်ရှိသူများက စနစ်တကျ စီမံကြပ်မတ် ဆောင်ရွက်ရန်နှင့် ဝန်ထမ်းအားလုံးက ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် အရေးပေါ် မီးသတ် ကိရိယာများကို လက်တွေ့ အသုံးချတတ်စေရေးနှင့် ပစ္စည်းကိရိယာများကြံ့ခိုင်ရေးအတွက် လက်တွေ့ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတင်းစာတိုက် ဝန်ထမ်းများသည် နိုင်ငံ၏အရေးကြီးသည့် Media ကဏ္ဍတွင်တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သည်ကို အစဉ်သတိပြုကြ စေလိုကြောင်း၊ ထို့အပြင် ဤဌာနဝန်ထမ်းများ၏ လုပ်ငန်းသဘာဝမှာ အခြားဝန်ထမ်းများနှင့်မတူဘဲ လုပ်ငန်းများကို ညပိုင်းတွင်မှ နိစ္စဓူဝ ထမ်းဆောင်ကြရသည့် အတွက် ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့်လည်း ဝန်ကြီးဌာန တာဝန်ရှိသူအဆင့်ဆင့်က ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အစဉ်ကြည့်ရှု ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နေ့စဉ်ထုတ် သတင်းစာများ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အစဉ်အမြဲပြောင်းလဲတိုးတက်နေစေရေးအတွက် စာတည်းမှူးချုပ်များနှင့် စာတည်းများက သတင်းကွန်ရက်ဖွဲ့စည်းခြင်း၊ သတင်းရှာဖွေ တည်းဖြတ်ခြင်း၊ သတင်းအပြင်အဆင် ဆန်းသစ်ခြင်း စသည်တို့ကို စနစ်တကျအစီအမံများ ပြုလုပ်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် The New Light of Myanmar သတင်းစာတိုက် မှ ည ၁၂ နာရီ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်တရားပွဲ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃ရပ်ကွက် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၅၁) နှစ်ပြည့် ဝိဇာတမင်္ဂလာ တိပိဋက နိကာယ် စာအောင်သံဃာတော်များ ပူဇာမင်္ဂလာ တိပိဋကဓမ္မဗိမာန်တော်ကျောင်းလွှတ်ပူဇာမင်္ဂလာတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ)က မတ် ၁၈ရက် (စနေနေ့) ည ၇နာရီတွင် ဓမ္မပူဇာဆင်ယင်ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

**မြန်မာ-တရုတ် နှစ်နိုင်ငံ စာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ရောက်ရှိလာသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E Mr. Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။** (သတင်းစဉ်)

# နှစ်နိုင်ငံစာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် တရုတ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**ရန်ကုန် မတ် ၁၅**

မြန်မာ-တရုတ် နှစ်နိုင်ငံစာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းမှ ဥက္ကဋ္ဌ H.E Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်း လွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတ နိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းမှဥက္ကဋ္ဌ H.E Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Guan Mu နှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ) နှစ်(၁၀၀)ပြည့်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်၇၇ ရေကျော်လမ်းမရှိ ဝိုင်အမ်ဘီအေအသင်းခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဝင်းမြင့်–ဒေါ်မြင့်မြင့်သန်း(ရွှေနဂါးမင်းကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းဝင်း–ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၊ ဦးစိန်မြင့်–ဒေါ်စန်းကြူ(ဒိုင်းမွန်းစတား)မိသားစုက ငွေကျပ် ၂၅ သိန်း၊ ဦးစိန်လှအောင် ဇနီး ဒေါ်ညွန့်ညွန့်ဝင်း (ထွန်းနေလင်းသစ်စက်မိသားစု)က ငွေကျပ်၁၀သိန်း၊ ဝိုင်အမ်ဘီအေအသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲထွန်း– ဒေါ်မိုမိုအေးကျော်က ငွေကျပ်၁၀သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံနှင့် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရေခဲသေတ္တာတစ်လုံး၊ ဝိုင်အမ်ဘီအေအသင်း ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်–ဒေါ်ခင်ခင်စိန်နှင့် သားများ (စိန်ရတနာရွှေဆိုင်)က ငွေကျပ်ငါးသိန်း၊ ဦးချူသန်းနှင့် ဇနီး ဒေါ်ဝင်းကြည်တို့အားအမှူးထား၍ မြေလတ်သားကုမ္ပဏီ ဥက္ကဋ္ဌ ဦးခိုင်စိုး–ဒေါ်ပီတိနီတို့က ငွေကျပ်ငါးသိန်း၊ ဦးကျော်အောင်နှင့် ဇနီး (ဘယံကုမ္ပဏီမိသားစု)က ငွေကျပ် ၁၀သိန်း၊ ဝိုင်အမ်ဘီအေအသင်း အမှုဆောင် ဦးမြင့်ထွန်း–ဒေါ်သဲသဲ၊ သားဟိန်းဇင်ထွန်း မိသားစုက ငွေကျပ်ငါးသိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် (Asia Express Company)က ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ သီတဂူ ဦးနိုင်ဦး–သီတဂူ ဒေါ်အေးသိန်း (မိဘရိပ်သစ်စက်)က ငွေကျပ်ငါးသိန်း၊ ပြည့်စုံဦးဝင်းနိုင်–ဒေါ်ချိုချို (ပြည့်စုံဝင်းနိုင်မိသားစု)က ငွေကျပ်ငါးသိန်း၊ ဦးအောင်လွင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း)က ငွေကျပ် သုံးသိန်း၊ ဦးတင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ ဘီအာစီကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ ဦးအောင်စိုးသာ(မြန်မာကွန်းဗစ်ခ်)က ငွေကျပ် သုံးသိန်း၊ ဦးအင်းယား(First Top Co., Ltd.)က ငွေကျပ်သုံးသိန်း၊ ဦးအောင်သန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း)က ငွေကျပ် သုံးသိန်း၊ ဦးစိုင်းဘဉာဏ်–ဒေါ်ခင်မိမိခိုင် (မောဥသျှောင်ကုမ္ပဏီလီမိတက်)က ငွေကျပ် သုံးသိန်း၊ ဦးထက်ညီ–ဒေါ်ယဉ်ယဉ်မြင့် (မြန်မာဘတ်[စ်]တစ်ကုမ္ပဏီ)က ငွေကျပ် နှစ်သိန်း၊ ဦးအောင်မိုးကျော်(IBTC ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ဦးကျော်အေး (Triple“A” Cement Int’l Co., Ltd.)က ငွေကျပ်နှစ်သိန်း၊ ဦးမျိုးဦး (ဦးကြူမိသားစု ဂျုံစက်)က ငွေကျပ်တစ်သိန်း၊ သီရိပျံချီ ဦးဇော်ဝင်းဇော်–ဒေါ်နီနီယဉ် မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံသည်။

**ကျေးဇူးတင်စကား**

ထို့နောက် ဝိုင်အမ်ဘီအေအသင်း ယာယီဥက္ကဋ္ဌ ဦးခင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါငွေလှူဒါန်းပွဲတွင် အလှူရှင် ၂၃ ဦးတို့က စုစုပေါင်းငွေကျပ် ၂၄၁ သိန်းကိုလှူဒါန်းကြသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) နှစ်(၁၀၀)ပြည့် ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။**
(သတင်းစဉ်)

## ပန်းတနော် ရွှေမြင်တင်စေတီတော်မြတ်ကြီး၌ ထာဝရငွေပဒေသာပင်သိန်းတစ်ရာစိုက်ထူလှူဒါန်း

**ရန်ကုန် မတ် ၁၅**

ပန်းတနော်မြို့နယ် သမိုင်းဝင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချအခမ်းအနားကို တပေါင်းလပြည့် မွန်းလွဲ ၂နာရီက စေတီတော်မြတ်ကြီး၏ ဓမ္မသဘင်ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်မြို့ အောင်သပြေ ဖရောင်းပုဆိုးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်း (ပန်းတနော်)နှင့် ဇနီး ဒေါက်တာ စန်းစန်းရီမိသားစုတို့က ဖခင်ကြီး (ဦးရွှေဒင်္ဂါး)၊ မိခင် ဒေါ်ကျင်တီတို့အား အမှူးထား၍ ထာဝရငွေပဒေသာပင် ကျပ်သိန်း၁၀၀စိုက်ထူ လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ရွှေမြင်တင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(မြန်အောင်)တို့က လက်ခံရယူသည်။ **(ဝဲပုံ)**

**အပ်နှံထား**

အလှူရှင်မိသားစု စိုက်ထူလှူဒါန်းသည့် ငွေပဒေသာပင် တန်ဖိုးမှာ ယခင်က ကျပ်ငွေ ၁၀၆ သိန်း လှူခဲ့ပြီး ယခု ထပ်မံ၍ ကျပ်ငွေ သိန်း၁၀၀၊ စုစုပေါင်း ရွှေမြင်တင်စေတီတော်မြတ်ကြီးအား စိုက်ထူလှူဒါန်းထားသည့် ငွေကျပ် ၂၀၆ သိန်းရှိပြီး ပန်းတနော်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားကြောင်း သိရသည်။

**လှူဒါန်းနိုင်**

စေတီတော်မြတ်ကြီး၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ဥပဋ္ဌာကအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း–၀၄၆–၃၀၁၆၀ နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဦးအေးမြင့် ဖုန်း–၀၄၆–၃၀၁၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သီတဂူအာယုဒါနဆေးရုံ၌ ပြည်ပမျက်စိဆရာဝန်များ လာရောက် ကုသပေးမည်

**ရန်ကုန် မတ် ၁၅**

သီတဂူဆရာတော်ကြီး ဦးဆောင်တော်မူသည့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူ အာယုဒါနဆေးရုံတော်၌ မတ် ၁၇ ရက်မှ ၂၄ ရက်အထိ ပြည်ပမှ မျက်စိအထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော Dr. John Sandford -Smith၊ Dr. Andrew Frostနှင့် Louise Frost (Optometrist) တို့က မျက်စိအထူးကု အစီအစဉ်ဖြင့် လာရောက် ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၁၀ ရက်က ကိုယ့်မင်းကိုယ်ချင်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ရုံး စာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်နှင့် ကိုယ့်မင်းကိုယ်ချင်း ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**
(မြန်မာ့အလင်း)

## အရှင်ဆေကိန္ဒ တရားပွဲ

**ရန်ကုန် မတ် ၁၅**

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် မင်္ဂလာဈေးဓမ္မာရုံ၌ မတ် ၁၆ ရက် ည ၇ နာရီတွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒမှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆–၃–၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၀၅ | ၇။ | အဆိုပြိုင်ပွဲ |
| ၈း၁၀ | ၈။ | အကပဒေသာ |
| ၈း၂၅ | ၉။ | ကချင်ပြည်နယ် မိုးကောင်းတံတား |
| ၈း၃၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use |
| ၁၆း၄၅ | ၄။ | တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု) [ဓာတုဗေဒ] |
| ၁၇း၁၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၂၅ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇း၃၅ | ၈။ | **“နှင်းကြည့်စမ်းပါ”** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး) |
| ၁၇း၄၀ | ၉။ | တေးဂီတအစီအစဉ် |
| ၁၇း၅၀ | ၁၀။ | နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် တမံသီဘေးမဲ့တောဥယျာဉ် |
| ၁၈း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၃။ | တေးဂီတအစီအစဉ် |
| ၁၈း၅၀ | ၁၄။ | အတီးပြိုင်ပွဲ |
| ၁၈း၅၅ | ၁၅။ | (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၉း၀၅ | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ရောင်စဉ်မေတ္တာ”** (အပိုင်း–၁၃) |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းဆီအိပ်မက်”** (အပိုင်း–၁၅) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆–၃–၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | “မေတ္တာကိုအခြေပြု နယ်လှည့်လို့ကုတဲ့ယာဉ်” ဒါးကခရီးစဉ် |
| ၇း၂၀ | Blazon Digital Vision |
| ၇း၄၅ | တေးဂီတအစီအစဉ် |
| ၇း၅၀ | ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ(အပိုင်း–၅) |
| ၈း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | မီးအပူပေးပြုပြင်ခြင်းနည်းပညာ |
| ၈း၂၅ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | လက်ဆင့်ကမ်းဝေ ဂီတအမွေ (စောင်း) |
| ၉း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ကင်ဆာရောဂါသတိပြုစရာ |
| ၉း၃၀ | ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား |
| ၁၀း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၀ | ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | ရှုချင်စရာ မျက်လှည့်ပဒေသာ |
| ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | မြန်မာ့ရိုးရာခြင်းလုံးအားကစား |
| ၁၁း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ပန်းမှတစ်ဆင့်ပန်းချစ်သူသို့ |
| ၁၁း၃၀ | လိပ်ပုတ်သင်ညို (Big Headed Turtle) |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | ဝတီဖျားမှ နန္ဒာကန်(အပိုင်း–၂) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

# ‘လူ့အခွင့်အရေး’သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၁)

လူတိုင်းရသင့်သောအခွင့်အရေးမှာ လူတို့လွတ်လပ်စွာ အသက်ရှင်သန်နိုင်အောင်၊ မိမိတို့ စား၊ဝတ်၊နေရေးကို မိမိတို့ စိတ်တိုင်းကျသောနည်းလမ်းများဖြင့် အကောင်အထည်ဖော်ခွင့်ပင်ဖြစ်သည်။ ဤသည်မှာ လူသားတို့၏ လွတ်လပ်ခွင့်ပင်ဖြစ်သည်။ နိုင်ငံတိုင်းတွင် ရေ၊ မြေ၊ သဘာဝသယံဇာတ၊ ထွက်ကုန်သီးနှံများရှိကြရာ ယင်းမိမိမြေ၊ မိမိနိုင်ငံမှ သယံဇာတ ဓနဥစ္စာများကို ယင်းနိုင်ငံသားများသာ ထုတ်ယူသုံးစွဲနိုင်ကြရပေမည်။ နိုင်ငံတစ်ခုမှ ထွက်ကုန်ပစ္စည်းများကို ယင်းနိုင်ငံသားများ ဝဝလင်လင်မစား၊ မသုံးရဘဲ တိုင်းတစ်ပါးသားက အလိုမတူ အဓမ္မနည်းဖြင့်လုယူ၊ ခြယ်လှယ်သွေးစုပ် ခံရပြီဆိုလျှင် ယင်းနိုင်ငံသားများအားလုံး တိုင်းခြားနယ်ချဲ့သမား လက်အောက်ကျွန်သပေါက်အဖြစ် ကျရောက်သွားပြီဟု မှတ်ရပေတော့မည်။

လွန်ခဲ့သော ရာစုနှစ်များအတွင်း အာရှ၊ အာဖရိက၊ တောင်အမေရိကစသည့် ကမ္ဘာမြေ၏ ၇၇ ရာခိုင်နှုန်းသည် ဥရောပအရင်းရှင်နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝကျရောက်ခဲ့သည်။ အိန္ဒိယအခြေစိုက် ဗြိတိသျှဘုရင်ခံချုပ်က ၁၈၈၆ခုနှစ် ဇန်နဝါရီလ၁ရက်နေ့တွင် ကျူးကျော်သိမ်းပိုက် ကျွန်ပြုထားသော မြန်မာနိုင်ငံကို ဗြိတိန်ဘုရင်မကြီးထံသို့ နှစ်သစ်ကူးလက်ဆောင်အဖြစ် ပေးဆက်ခဲ့သည်။ ဗြိတိသျှကုမ္ပဏီများက အဖိုးတန်မြန်မာ့ကျွန်း၊ ပျဉ်းကတိုးစသည့် သစ်များ၊ တွင်းထွက်သတ္တုစုံနှင့် ကျောက်မျက်ရတနာများ၊ မြေအောက်မှ ရေနံများ၊ မြန်မာတောင်သူလယ်သမားတို့ကုန်းရုန်းစိုက်ပျိုးထွက်ရှိသောသီးနှံများကို ဇိကုပ်ထုတ်ယူသွားကြပြီး ဗြိတိသျှဘဏ္ဍာတော်တိုက်အား ပြည့်စေခဲ့သည်။ ထိုကာလသည် ဗြိတိသျှနှင့် ဥရောပအရင်းရှင်များက မြေရှင်ပဒေသရာဇ်များလက်မှ အုပ်ချုပ်ရေးအာဏာကို လုယူစိုးမိုးနိုင်သောကာလဖြစ်သည်။ အရင်းရှင်တို့လွတ်လပ်စွာကုန်သွယ်၊ လွတ်လပ်စွာနယ်ချဲ့ပြီး၊ နယ်ချဲ့သမားကိုနယ်ချဲ့အစိုးရအာဏာစက်၊ နယ်ချဲ့အစိုးရစစ်တပ်က ကာကွယ်ပေးခြင်းကို ဒီမိုကရေစီဟု ခေါ်ခဲ့ကြသည်။ ဗြိတိသျှအရင်းရှင်ပါလီမန်ဒီမိုကရေစီက မြန်မာတို့၏ လွတ်လပ်ခွင့်၊ မြန်မာတို့ပိုင်သောအချုပ်အခြာအာဏာ၊ မြန်မာတို့၏ ဒီမိုကရေစီ၊ မြန်မာတို့၏ လူ့အခွင့်အရေး၊ မြန်မာတို့၏ ဓနဥစ္စာများကို အဓမ္မလုယက်၊ ရိုက်ချိုးဖျက်ဆီး၊ သွေးစုပ်ယူသွားခဲ့ကြသည်။

မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံတစ်ရာကျော်သည် နယ်ချဲ့တို့ထံမှ မိမိတို့ လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးရင်းပြီး ပြန်တိုက်ယူခဲ့ကြသည်။ မိမိတို့၏ လူ့အခွင့်အရေး၊ မိမိတို့၏ လွတ်လပ်ခွင့်၊ မိမိတို့ပိုင်ဓနဥစ္စာများကို ပြန်လည်ရယူခြင်းပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း နယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့ ကိုလိုနီလုပွဲ ဆင်နွှဲကြစဉ် မျိုးချစ်ပြည်ချစ်များက မိမိတို့နိုင်ငံအတွက် အချုပ်အခြာအာဏာပြန်လည်တိုက်ယူမှုအရှိန်မြှင့်တင်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် တိုင်းရင်းသားသွေးချင်းပြည်သူအားလုံး၏ ဆန္ဒ၊ ဇွဲနပဲ၊ စည်းလုံးမှု၊ စွန့်လွှတ်စွန့်စားမှုကျေးဇူးများကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးပြန်ရခဲ့သည်။

နိုင်ငံတကာဥပဒေစံ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံမူများနှင့် ပဋိညာဉ်စာချုပ်ကြီးပါ မူများအရ နိုင်ငံတိုင်းသည် ကြီးငယ်မဟူ တန်းတူရည်တူရှိကြရသည်။ တစ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်စိုးမှုကို ကျန်နိုင်ငံများက လေးစားကြရသည်။ နိုင်ငံတိုင်းတွင် လွတ်လပ်စွာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိကြသည်။ နိုင်ငံတစ်ခု၏ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်စွက်ဖက်ခြင်း၊ ကျူးကျော်ခြင်းမပြုရပေ။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးကို အဖွဲ့ဝင်နိုင်ငံအားလုံး(ယခုအချိန်အထိ၁၉၁နိုင်ငံ)က လိုက်နာပါမည်ဟု ပဋိညာဉ်ပြုကာ လက်မှတ်ရေးထိုးကြပြီး ဖြစ်သည်။

**တက္ကသိုလ်မြတ်သူ**

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးသည် ကမ္ဘာစစ်ပွဲကြီးကဲ့သို့ လူအများသေကျေပျက်စီးစေသည့် စစ်ပွဲမျိုး ထပ်မံမဖြစ်ပွားရန်၊ တစ်ကိုယ်တော်၊ တစ်နိုင်ငံ၊ တစ်အုပ်စုက အကြမ်းဖက် အင်အားသုံးနည်းဖြင့် ကမ္ဘာ့ပြည်သူများကို ဒုက္ခမပေးရန်၊ ကမ္ဘာ့လူသားများ လွတ်လပ်စွာ နေထိုင်ကြရန် ရည်ရွယ်ဖွဲ့စည်းသော ကမ္ဘာ့မဏ္ဍိုင်အဖွဲ့ကြီးဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့် ပေးမထားဟု ဖော်ပြထားသည်။

လွတ်လပ်ရေးရလာသော ဖွံ့ဖြိုးဆဲအာရှ၊အာဖရိက နိုင်ငံ၁၀၀ ကျော်ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှု၏ လက်စွဲမူဝါဒ(ဝါ) ဘန်ဒေါင်းကွန်ဖရင့် ကြေညာချက် မူဝါဒကလည်း ကုလသမဂ္ဂပဋိညာဉ်စာချုပ်မူနှင့် တစ်ထပ်တည်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်၊ ဘန်ဒေါင်းမူ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်၊ နိုင်ငံတကာ ဥပဒေစံနှုန်း၊ အာဆီယံအခြေခံမူများကို တိကျစွာ လိုက်နာပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကျွန်ပြန်မဖြစ်ရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စု မပြိုကွဲရေး၊ ကိုယ့်လွတ်လပ်ရေး၊ ကိုယ့်အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားပြည်သူများ လွတ်လပ်ရေးအရသာ အပြည့်အဝခံစားပြီး ဆူပူသောင်းကျန်းမှု ကင်းစင် ငြိမ်းချမ်းစွာ နေထိုင်ရေး၊ ရေမြေသယံဇာတကောင်းများကို အခြေပြုပြီး ဖွံ့ဖြိုးတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့ကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်သူ့သဘောထားလေးရပ်၊ ပုဂံမြေလူထုအစည်း အဝေးကြီး၏ သန္နိဋ္ဌာန်ခြောက်ရပ်တို့သည် တိုင်းရင်းသားပြည်သူလူထုက ထုတ်ဖော်ပြသသော ဆန္ဒမွန်များ၊ ပြည်သူ့ဆန္ဒမှန်များဖြစ်သည်။ ဤသဘောထား၊ ဤဆန္ဒ၊ ဤ ဦးတည်ချက်များအရ မြန်မာနိုင်ငံကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဆုံးဖြတ်ချမှတ်ခြင်းသည် မြန်မာတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပင်ဖြစ်သည်။ ဤသည်မှာ မြန်မာတို့၏မှန်ကန်မျှတသော လူ့အခွင့်အရေးကို အပြည့်အဝခံစားနိုင်ရန် ကြိုးပမ်းအားထုတ်မှုပင်ဖြစ်သည်။

**မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များဖြင့် ယနေ့မြန်မာတို့၏ ငြိမ်းချမ်းတည်ငြိမ်၊ စည်းလုံးညီညွတ်၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ဟန့်တားနှောင့်ယှက်မှုများ လုပ်လျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ကမ္ဘာ့လူ့အခွင့်အရေးမှတ်တမ်းအစီရင်ခံစာဆိုသည်ကို ထုတ်ပြန်လေ့ရှိသည်။ အမေရိကန်လွှတ်တော်သို့ တင်ပို့ပေးသည်။ အမေရိကန်အမတ်များသည် အမေရိကန်နိုင်ငံခြားရေးဌာနက လူ့အခွင့်အရေးချိုးဖောက်သည်ဟု တစ်ဖက်သတ်လုပ်ကြံစွပ်စွဲခံရသော နိုင်ငံများကို ရန်လုပ်လေ့ရှိသည်။**

အမေရိကန်နိုင်ငံခြားရေးဌာနသည် လူ့အခွင့်အရေးမှတ်တမ်းကို နှစ်စဉ်ထုတ်ပြန်လိုက်၊ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု စွပ်စွဲချက်များ နှစ်စဉ်ထုတ်ပြန်လိုက်၊ ဘာသာရေးလွတ်လပ်ခွင့် ပိတ်ပင်မှု စွပ်စွဲချက်များ နှစ်စဉ်ထုတ်ပြန်လိုက်ဖြင့် ၎င်းတို့၏ ဩဇာမခံ၍ ၎င်းတို့မလိုလားသောပစ်မှတ်နိုင်ငံများကို ရန်လုပ်လေ့ရှိသည်။ အစွပ်စွဲခံရသော နိုင်ငံများကလည်း ခါးခါးသီးသီး၊ ဒေါသတကြီး တုံ့ပြန်ကြကာ အမေရိကန်၏စွပ်စွဲချက်မှန်သမျှ ပယ်ချပစ်ကြသည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံခြားရေးဌာနမှ စွပ်စွဲလုပ်ကြံချက်များမှာ နိုင်ငံများစွာ၏ အမှိုက်ခြင်းများအတွင်း ရောက်ရှိသွားစမြဲဖြစ်ပေသည်။

အမေရိကန်တို့၏ နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုသော ဝေါဟာရ သို့မဟုတ် စွပ်စွဲချက်များကား ခေတ်အလိုက်အပြောင်းအလဲများ၏။ အမေရိကန်အပါအဝင် အနောက်နယ်ချဲ့ ကိုလိုနီနိုင်ငံများသည် ၎င်းတို့နယ်ချဲ့စက်ယန္တရားကြီး အရှိန်ကောင်းကောင်းဖြင့် လည်ပတ်နေစဉ်က ‘လွတ်လပ်ရေး’၊ ‘ဒီမိုကရေစီ

**● အမေရိကန်နိုင်ငံခြားရေးဌာနသည် လူ့အခွင့်အရေးမှတ်တမ်းကို နှစ်စဉ်ထုတ်ပြန်လိုက်၊ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုစွပ်စွဲချက်များ နှစ်စဉ်ထုတ်ပြန်လိုက်၊ ဘာသာရေးလွတ်လပ်ခွင့် ပိတ်ပင်မှုစွပ်စွဲချက်များ နှစ်စဉ်ထုတ်ပြန်လိုက်ဖြင့် ၎င်းတို့၏ ဩဇာမခံ၍ ၎င်းတို့မလိုလားသော ပစ်မှတ်နိုင်ငံများကို ရန်လုပ်လေ့ရှိသည်။ အစွပ်စွဲခံရသော နိုင်ငံများကလည်း ခါးခါးသီးသီး၊ ဒေါသတကြီးတုံ့ပြန်ကြကာ အမေရိကန်၏ စွပ်စွဲချက်မှန်သမျှ ပယ်ချပစ်ကြသည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံခြားရေးဌာနမှ စွပ်စွဲလုပ်ကြံချက်များမှာ နိုင်ငံများစွာ၏ အမှိုက်ခြင်းများအတွင်း ရောက်ရှိသွားစမြဲ ဖြစ်ပေသည်။**

# မြန်မာတို့၏ မှန်ကန်မျှတသောလူ့အခွင့်အရေး အပြည့်အဝခံစားနိုင်ရန် ကြိုးပမ်းအားထုတ်မှု

**● ပြည်သူ့သဘောထားလေးရပ်၊ ပုဂံမြေလူထုအစည်းအဝေးကြီး၏ သန္နိဋ္ဌာန်ခြောက်ရပ်တို့သည် တိုင်းရင်းသားပြည်သူလူထုက ထုတ်ဖော်ပြသသော ဆန္ဒမွန်များ၊ ပြည်သူ့ဆန္ဒမှန်များဖြစ်သည်။ ဤသဘောထား၊ ဤဆန္ဒ၊ ဤဦးတည်ချက်များအရ မြန်မာနိုင်ငံကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဆုံးဖြတ်ချမှတ်ခြင်းသည် မြန်မာတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပင်ဖြစ်သည်။ ဤသည်မှာ မြန်မာတို့၏ မှန်ကန်မျှတသော လူ့အခွင့်အရေးကို အပြည့်အဝခံစားနိုင်ရန် ကြိုးပမ်းအားထုတ်မှုပင်ဖြစ်သည်။**

ရေး'၊ 'လူ့အခွင့်အရေး'ဟူသော ဝေါဟာရများကို ၎င်းတို့၏ အဘိဓာန်များ၌ပင် မထားခဲ့ကြ၊ ဖုံးပိတ်ထားခဲ့ကြသည်။ ထိုစဉ်ကမူ ကျူးကျော်သိမ်းပိုက်ကျွန်ပြုမည့် နိုင်ငံများမှ ပြည်သူလူထုအား 'အရိုင်းအစိုင်းများ'၊ 'လူရိုင်းများ'၊ 'လူရိုင်းများကို ယဉ်ကျေးအောင်လုပ်ရန် ဘုရားသခင်က မိမိတို့အား တာဝန်ပေးထားပြီ'ဟူသော စကားလုံးများသုံးခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာ၏ နာဇီဂျာမနီ၊ မူဆိုလိုနီ၏ အီတလီ၊ ဂျပန်နန်းရင်းဝန် တိုဂျို၏အစိုးရတို့အား 'ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများ'၊ 'ဖက်ဆစ်အကြမ်းဖက်များ'၊ 'ဖက်ဆစ်လူသတ်သမားများ'ဟု သုံးလာပြန်၏။ ကမ္ဘာစစ်အပြီး အင်အားကြီးထွားလာသော ဆိုဗီယက်ပြည်ထောင်စုကို ဖြိုချရန် စစ်အေးတိုက်ပွဲဆင်နွှဲရာ၌ 'ဆင်းရဲမွဲတေစေသော ဆိုရှယ်လစ်ဝါဒ'၊ 'တစ်ပါတီအာဏာရှင်စနစ်'၊ 'ဒီမိုကရေစီ'၊ 'နှောင်ကြိုးမဲ့ကမ္ဘာ'ဟူသော ဝေါဟာရများ တွင်တွင်သုံးခဲ့သည်။

၁၉၇၆ခုနှစ်တွင် အမေရိကန်သမ္မတဖြစ်လာသော ဂျင်မီကာတာသည် ဆိုဗီယက်ကို ထိုးနှက်ရာ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတွင် ရေနံဖြင့်ကြွယ်ဝလာသော အာရပ်နိုင်ငံများကို ထိုးနှက်ရာ၌လည်းကောင်း အထူးသဖြင့် အယာတိုလာခိုမေနီဦးဆောင်သော အီရန်နိုင်ငံအား ထိုးနှက်ရာ၌လည်းကောင်း လူ့အခွင့်အရေးဆိုသော ဝေါဟာရကို ချောင်ထဲက ဆွဲထုတ်ဖုတ်ဖက်ခါပြီး တွင်တွင်သုံးလာခဲ့သည်။ အမေရိကန်အစိုးရအနေဖြင့် ၎င်းတို့ အမြင်မကြည်သော ဆိုရှယ်လစ်နိုင်ငံများနှင့် အာရပ်နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်နေကြသည်၊ လွတ်လပ်ခွင့်မရှိဟု စွပ်စွဲထိုးနှက်လာသည်။

အမေရိကန်သမ္မတက လူ့အခွင့်အရေးချိုးဖောက်သောနိုင်ငံ၊ ဘာသာရေးအစွန်းရောက်သည်ဟု တစ်ဖက်သတ် ယူဆသော နိုင်ငံများတွင် ပြည်သူတို့ လူ့အခွင့်အရေးအပြည့်အဝ မခံစားရ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေကြသည် စသည်ဖြင့် မဖြစ်ဖြစ်အောင် စွပ်စွဲပေးရန် တာဝန်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအပေါ် ကျရောက်လာခဲ့သည်။ သမ္မတဂျင်မီကာတာ လက်ထက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက(အထူးသဖြင့်) နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာက နိုင်ငံတကာရှိ ၎င်းတို့၏သံရုံးများအား ထိုနိုင်ငံ၊ ဤနိုင်ငံတို့တွင် လူ့အခွင့်အရေးချိုးဖောက်ကြောင်း တစ်နှစ်တစ်ကြိမ် အစီရင်ခံစေခဲ့သည်။ ယင်းအစီရင်ခံစာများသည် အမှန်စင်စစ် ဝါရှင်တန်က အလိုရှိသည့်အတိုင်း ကြံဖန်လီဆယ်စွပ်စွဲရေးသားထားချက်များသာဖြစ်ကြောင်း ကာယကံရှင်များ(အစီရင်ခံရသူများနှင့်အစွပ်စွဲခံနိုင်ငံ)က သိကြသည်။

**လူ့အခွင့်အရေးဟူသော စကားလုံးသည် နယ်ချဲ့လက်ဟောင်းလက်သစ်များ၊ ကျူးကျော်စွက်ဖက်ရေးသမားများက ရေလဲနှင့် သုံးနေကြသဖြင့် ဆီသည်မလက်သုတ်ပဝါကဲ့သို့ ညစ်ထေးပေကျံနေရသည်။ ရုပ်ပျက်ဆင်းပျက်၊ သရုပ်ပျက်ဖြစ်နေရသည်။** ထို့ကြောင့် လူ့အခွင့်အရေး၏ အနက်အဓိပ္ပာယ်အစစ်ကို မြန်မာတို့က မည်သို့မြင်သည်၊ မြန်မာတို့ကဲ့သို့ ကမ္ဘာ့နိုင်ငံများစွာက မည်ကဲ့သို့မြင်သည်၊ နိုင်ငံတကာကို လူ့အခွင့်အရေး စွပ်စွဲချက်ဖြင့် လုပ်ကြံလီဆယ် ရန်လိုနေသော အမေရိကန်ပြည်ထောင်စုအတွင်း၌ လူ့အခွင့်အရေး အခြေအနေမှန်များ မည်သို့ ရှိနေသည်ကို ဆက်လက်စောကြောကြည့်ရန် လိုအပ်လာပါသည်။ ယနေ့ **အမေရိကန်သည် လူ့အခွင့်အရေးကိစ္စကို ကစားကွက်တစ်ကွက် Game တစ်ခုအဖြစ် ကစားနေခြင်းသာဖြစ်ပါသည်။**

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)မှ အလှူငွေများလှူဒါန်း

**ရန်ကုန် မတ် ၁၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဦးလှထွန်း Doctor in Human Letters, USA (DHL)၊ နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန်ပထမဆင့်၊ ဝိဇ္ဇာပညာထူးချွန် ပထမဆင့်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့်ဘဏ္ဍာရေးအတိုင်ပင်ခံ ဦးလှထွန်းနှင့်အဖွဲ့၊ ဥက္ကဋ္ဌ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းမှ အလှူငွေပေးအပ်မှုဝေမှုအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဘက်စုံအဆောက်အအုံခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဦးလှထွန်းက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံကြကာ ဦးလှထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် ဦးလှထွန်းနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❐ ကျောဖုံးမှ

စီမံကိန်း ရှင်းလင်းဆောင်၌ မော်လမြိုင်ဘက်ကမ်း မီးရထားတံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူးဦးတင့်လွင်နှင့် မုတ္တမဘက်ကမ်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့အား ရှင်းလင်း တင်ပြကြသည်။

#### ဖြည့်ဆည်းပေး

ဝန်ကြီးက ဆောင်ရွက်ရန်ကျန်ရှိရှိသည့်လုပ်ငန်းများကို တစ်ခုပြီးမှ တစ်ခု စောင့်ဆိုင်းလုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ အပိုင်းလိုက်အဖွဲ့များခွဲ၍ တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးအောင် စီမံချက်ချ အင်တိုက်အားတိုက် ဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

#### အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မီးရထားချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှုကို မီးရထားသံလမ်း စစ်ဆေးရေး ကားရထားငယ်ဖြင့် မော်လမြိုင်ဘက်ကမ်း တိုင်အမှတ် MR ၂၃မှ မုတ္တမဘက်ကမ်းတိုင်အမှတ် YR၁၃ အထိ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ မုတ္တမဘက်ကမ်းတိုင်အမှတ် YR ၁၇ နှင့် YR ၁၈ အကြား ကားတံတားပေါ် ဖြတ်ကျော်သည့် မီးရထားချဉ်းကပ် တံတား၏ရက်မနှင့် ကားလမ်းအပေါ် ကင်းလွတ်အမြင့်တို့ကို စစ်ဆေး၍ မုတ္တမဘက်ကမ်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လုပ်ငန်းခွင်မှပြန်လည် ထွက်ခွာသွားသည်။

သံလွင်တံတား(မော်လမြိုင်) မီးရထားချဉ်းကပ်တံတားမှာ မော်လမြိုင်ဘက်ကမ်း ၆၄၈၁ပေ၊ မုတ္တမဘက်ကမ်း ၇၄၉၈ပေ၊ ပင်မတံတား ၇၆၉၉ ပေ အပါအဝင် စုစုပေါင်းအရှည်မှာ ၂၁၆၇၈ပေဖြစ်ပြီး မီးရထားလမ်းအကျယ်မှာ လူသွားလမ်းနှစ်ဖက် အပါအဝင် ၁၆ပေရှိ၍ ခွင့်ပြု မီးရထားဝန် အလေးချိန်မှာ IRS ၁၇တန် ဖြစ်သည်။

#### အချိန်မီပြီးစီးအောင်

ယခုအခါ မီးရထားချဉ်းကပ်တံတားလုပ်ငန်းတွင် မော်လမြိုင်ဘက်ကမ်း၌ အချောသတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မုတ္တမဘက်ကမ်း၌ တိုင်ပေါ်သို့ ရက်မအချောင်း ၂၀တင်ရန်နှင့် ကြမ်းခင်းနှင့်လက်ရန်း ၂၂ခန်းသာကျန်ရှိ၍ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သံလွင်တံတား(မော်လမြိုင်) မီးရထားချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။**
(ဆောက်လုပ်ရေး)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် မတ် ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ-တရုတ် နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E.Mr. Shao Huaze ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu နှင့် သံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E.Mr. Shao Huaze ခေါင်းဆောင်သောအဖွဲ့ လာရောက် တွေ့ဆုံစဉ်။**

(သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ H.E.Mr. Shao Huaze၊ သံအမတ်ကြီး H.E.Mr. Guan Mu နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။ **(သတင်းစဉ်)**

# ဝိဇာတမွေးနေ့ အလှူမင်္ဂလာကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရမဟာထေရ်၏ သက်တော်(၈၀)ပြည့်၊ သိက္ခာတော် (၆၀)ပြည့် ဝိဇာတမွေးနေ့အလှူမင်္ဂလာပွဲတော်တွင် ကျောင်းတိုက်ကြီး၏ တပည့်ကြီးများဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ရမ္မာဝတီဆရာတော်နှင့် နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော ကျောင်းဒါယကာ ဒါယိကာမ ၁၂ဦးတို့အား ချီးကျူးဂုဏ်ပြုခြင်း၊ ဓမ္မပူဇာအဖြစ် မတ်၁၇ရက်မှ ၁၉ရက် အထိ သုံးညတိုင် ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း၊ မတ်၁၇ရက်(သောကြာနေ့)ညနေ ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်)၊ (မစိုးရိမ်တိုက်သစ်နာယက)၊ မတ်၁၈ရက် (စနေနေ့)ညနေတွင် ဆရာတော်ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ(သစအ)ဓမ္မာ စရိယပါဠိပါရဂူ မြစ်ကြီးနားမြို့၊ မတ် ၁၉ရက်(တနင်္ဂနွေနေ့)ညနေဆရာတော် ဘဒ္ဒန္တ ကုလဓဇပါလ၊ တိပိဋကဓရ တိပိ ဋကကောဝိဒ ရမ္မာဝတီဆရာတော် တို့က နိဗ္ဗာန်ရောက်ကြောင်းတရား တော်မြတ်ကို ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် မွေးနေ့တွင် ဓမ္မပူဇာအဖြစ် ဟောကြားချီးမြှင့်တော်မူမည်ဟုသိရသည်။ **(က-ပ)**

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သောမိဘများအား အမျှထား၍ ကိုစိုးမင်းသန့်-မဆွေဇင်သန့်တို့က အလှူငွေကျပ်တစ်သိန်းငါးသောင်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဒေါက်တာဦးကိုကို(ဣန္ဒဝံသ) ထံသို့ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

# မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်း ခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့် အထက်တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါမော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

# လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

**၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

**၂။ မြန်မာနိုင်ငံ၏အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှ တစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသောကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

**၃။ လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

**၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ**

(က) ကြက်ငှက်များ ရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုတ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောယောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

**၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်**

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း(သို့မဟုတ်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံ အတွင်းသို့ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

# ဗုဒ္ဓဝိဟာရဓမ္မာရုံ ကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အောင်မြေရတနာကျောင်းတိုက်၌ ဆောက်လုပ်ပြီးစီးသွားသော ငွေကျပ်သိန်း ၇၀၀ ကျော်ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၂ ရက်က ယင်းကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏိတ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့ဝင်များ၊ အောင်မြေရတနာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သီလဝံသာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ၊ ကျောင်းတိုက်ရှိ သံဃာတော်များ ကြွရောက်တော်မူကြပြီး ငွေကျပ်သိန်း ၄၇၀ မတည်အလှူရှင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှ ဦးဘမှူး၊ ဇနီး ဒေါ်စန်းရီ မိသားစု စုပေါင်းအလှူရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။**(အပေါ်ပုံ)**

## ရေစက်သွန်းချအမျှဝေ

အခမ်းအနားတွင် ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ● ရှေ့ဖုံးမှ

ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် ညွှန်ကြားရေးမှူး ဦးကံလှတို့က လှိုင်းတက်–ကင်းသာအထိ မြေသားလမ်း ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လှိုင်းတက်–ကင်းသာ လမ်းပိုင်းတစ်လျှောက် မြေသားလမ်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်ဘုရားငါးဆူ လမ်းနှင့် ခရိုင်ချင်းဆက်လမ်းနှစ်လမ်းဆုံ၌ မြေသားလမ်းပြီးစီးမှုနှင့် လမ်းအူကြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗိန္ဒကကျေးရွာအနီး၌ စက်ယန္တရားများဖြင့်မြေဖို့၊ လမ်းညှိခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို လည်းကောင်း၊ ရေကျော်၊ ရေပွန်တံတားနှင့် ရေကျော် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရမည်းသင်း–ရွှေမြင်တင် တောင်လမ်း လှိုင်းတက်–ကင်းသာ လမ်းဆုံသို့ရောက်ရှိ၍ လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်ရင်း ဧည့်ခန်းမဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ရွှေမြင်တင်–ဘွက်၊ပိန်းအင်း–နတ်တောင်ကျေးရွာ၊ ဘော်–ကင်းသာလမ်းပိုင်းအထိ တစ်ကြောင်းထိုးလမ်း ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်းနားရွာအနောက်ဘက် မြင်းနားချောင်းအနီး စက်ယန္တရားများဖြင့် ရေပေးမြောင်းလက်တံကျောက်စီ ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝမ်းတို့က ရေပေးမြောင်းပြုပြင်မှုနှင့် ကြေးနီကန်သို့ ရေဖြည့်တင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကျည်းကုန်းကျေးရွာသို့ရောက်ရှိ၍ လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး (တပ်ကုန်း) ကင်းသာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ဝါးကုန်း–တွင်းရာ၊ ဘော်–ကင်းသာ၊ နှောင်ခမ်း ကျေးရွာတို့၌ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေသည့် အခြေအနေကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျန်ရှိနေသည့် လမ်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြား

**ရန်ကုန် မတ် ၁၅**

သာသနာရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် သာသနာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရုံးအဖွဲ့မှူး ဦးမြင့်ဦးက လည်းကောင်း၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေး မှူးများက မိမိတို့ပြည်နယ်၊တိုင်းနှင့်ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်တို့က လုပ်ငန်းဆောင်ရွက်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်ဆွေးနွေး

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# North Point, Ocean Super Shopping Center ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၅**

North Point, Ocean Super Shopping Center ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၃ ရက်နံနက် ၈နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိရိပ်သာ အဆောက်အအုံ၌ ကျင်းပရာ North Point Shopping Centerနှင့် Ocean Super Center ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှင့် City Mart Holding ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဆိုင်ခန်းများကိုလိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)(သတင်းစဉ်)**

# ဗုဒ္ဓဒေသနာ သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၅**

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ ပဓာနနာယကဆရာကြီး ဦးဌေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ စနစ်သစ်နည်းဖြင့် လေ့လာသင်ကြားသော (၂၃)ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်းကို ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး၊ အာဇာနည်လမ်း၊ ရှင်သာမဏေဓမ္မဗိမာန်၌ မတ် ၁၈ရက်(စနေနေ့)မှစ၍ မေ ၁၄ရက်(တနင်္ဂနွေနေ့)အထိအပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)တိုင်း ညနေ ၃ နာရီမှ ၅နာရီအထိ ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်သည်။ ဗုဒ္ဓနည်းနာမ်၊ ရုပ်လေ့ကျင့်ရေးအလုပ်စခန်းကို မေ ၁၈ ရက်မှ ၂၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လေ့ကျင့်ပွားများမည်ဖြစ်၍ စာရင်းပေးတက်ရောက် နာကြားပွားများနိုင်ကြောင်း သိရသည်။ **(က–ပ)**

# တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

# တောတိုက်ဓမ္မရိပ်သာ တရားစခန်း

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ ဆရာတော်ကြီးကိုယ်တိုင် မဟာသင်္ကြန် ၁၀ရက်အဓိဋ္ဌာန်အထူးတရား စခန်းပွဲကို ဧပြီ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန်ဖြစ်ပြီး ဖုန်း–၆၃၅၀၂၇ နှင့် ၆၃၅၄၂၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာနိုင်ငံအလယ်ပိုင်း၌ ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၅

**မြန်မာနိုင်ငံအလယ်ပိုင်း၌ဖြစ်ပွားခဲ့သော ကြက်များသေဆုံးမှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ အဆိုပါ သတင်းထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

## ကြက်များသေဆုံးမှုသတင်း

၁။ မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် မွေးမြူရေးဥစားကြက်များသေဆုံးမှုသတင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖြစ်ပွားခဲ့ကြောင်း စိစစ်တွေ့ရှိ ရပါသည်။

| စဉ် | မြို့နယ် | ဖြစ်ပွားကာလ | ဖြစ်ပွားကြက်ခြံ | မွေးမြူကောင်ရေ | သေဆုံးကြက်ကောင်ရေ | သေဆုံးရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| (က) | ရွှေဘို အရှေ့ပိုင်း | ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ် | ၂၆ | ၁၈၁၀၀ | ၁၅၀၀ | ၈% |
| (ခ) | ကန့်ဘလူ ဇီးကုန်း | ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ် | ၃ | ၁၂၀၀၀ | ၁၂၀၀ | ၁၀% |
| (ဂ) | ခင်ဦး | ၂၀၀၆ခုနှစ် မတ်လ ပထမပတ် | ၁ | ၁၀၅ | ၅ | ၄% |
| (ဃ) | ပြည်ကြီးတံခွန် | ၂၀၀၆ခုနှစ် မတ်လ ဒုတိယပတ် | ၁<br>၃၁ | ၇၈၄<br>၃၀၉၈၉ | ၁၁၂<br>၂၈၁၇ | ၁၄%<br>၉% |

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်ချက်

၂။ **ကြက်ရောဂါဖြစ်ပွားမှုအပေါ် စစ်ဆေးတွေ့ရှိချက်**။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်သည့်ဒေသအာဏာပိုင်အဖွဲ့အစည်း၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူများနှင့်ပူးပေါင်းကွင်းဆင်း၍ ရောဂါဖြစ်ပွားမှုအပေါ် ရောဂါဖြစ်ပွားမှုအခြေအနေ၊ အရင်းအမြစ်၊ ဓာတ်ခွဲခန်းဆိုင်ရာစစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး အဓိကစစ်ဆေးတွေ့ရှိမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်**။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ တတိယပတ်အထိ ကြက်ရောဂါဖြစ်ပွားခဲ့ပြီး ဆက်လက်ဖြစ်ပွားမှုမရှိပါ။ ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ ကြက်တုပ်ကွေးရောဂါမတွေ့ရှိရပါ။ အပြင်းစားကြက်လည်လိမ်ရောဂါပိုင်းရပ်စ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ခ) **စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်**။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ မတ်လ ပထမပတ်အထိ ကြက်ရောဂါဖြစ်ပွားခဲ့ပြီး ဆက်လက် ဖြစ်ပွားမှု မရှိပါ။ ဓာတ်ခွဲခန်းစစ်ဆေးချက်အရ ကြက်တုပ်ကွေးရောဂါမတွေ့ရှိရပါ။

(ဂ) **စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်**။ ၂၀၀၆ခုနှစ် မတ်လပထမပတ်မှ ဒုတိယပတ်အထိ ကြက်အချို့သေဆုံးသော ကြက်ခြံရှိ လက်ကျန်ကြက်များအနက် ကြက်တစ်ကောင်၏ သွေးရည်ကြည်တွင် ကြက်တုပ်ကွေးပိုင်းရပ်စ်ပိုး H5 N1သံသယတွေ့ရှိခဲ့ပါသည်။

(ဃ) **မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်**။ ၂၀၀၆ခုနှစ် မတ်လ ဒုတိယပတ် စတင်ဖြစ်ပွားပြီး မတ်လတတိယပတ်အတွင်း ကြက်ခြံခုနစ်ခြံ၊ ငုံးခြံနှစ်ခြံ (အမရပူရမြို့နယ်အစပ် ကြက်ခြံတစ်ခြံအပါအဝင်)၌ မွေးမြူကြက်ကောင်ရေ ၅၇၈၄၊ ငုံးကောင်ရေ ၂၀၀အနက် ကြက် ၇၂၂ကောင်၊ ငုံးကောင်၂၀၀ သေဆုံးခဲ့ပြီး ရန်ကုန်သို့ပေးပို့သည့် နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းစမ်းသပ်မှုအရ စစ်ဆေးရာ သေဆုံးကြက်တစ်ကောင်တွင် ကြက်တုပ်ကွေးပိုင်းရပ်စ် H5 N1သံသယတွေ့ရှိခဲ့ပါသည်။

၃။ **အရေးယူဆောင်ရွက်ချက်**

**(က) ရောဂါကူးစက်ပျံ့နှံ့မှုမရှိရေးထိန်းချုပ်ဆောင်ရွက်ချက်**။ စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွင်း ကြက်ရောဂါဖြစ်ပွားခဲ့သည့်မြို့နယ်များ၌ ဒေသအာဏာပိုင် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၏ လမ်းညွှန်ခွင့်ပြုချက်ရယူ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့်ညှိနှိုင်း၍ ရောဂါဖြစ်ကြက်ခြံနေရာမှ ၃ကီလိုမီတာ/၇ကီလိုမီတာ ဧရိယာများအား တားမြစ်ဧရိယာ၊ ထိန်းချုပ်ဧရိယာများသတ်မှတ်၍ ကြက်နှင့် ကြက်ထွက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ပြောင်းရွှေ့မှုတားမြစ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ထားခြင်း၊ ရောဂါပိုးတွေ့ရှိခြံများမှ ကြက်များကို သုတ်သင်ဖျက်ဆီး၍ ပိုးသတ်ခြင်း၊ ကျင်းတူးမြေမြှုပ်ခြင်း၊ ခြံများပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

**(ခ) ကြက်များသေဆုံး/ဖျက်ဆီးကောင်ရေ။** အခင်းဖြစ်ပွားကာလအတွင်း၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှမတ်လ ဒုတိယပတ်အထိ ကြက်ခြံ၃၇ခြံ၊ ငုံးခြံနှစ်ခြံ၌ သေဆုံးကြက်ကောင်ရေ ၃၄၂၇၊ ငုံး၂၀၀ဖြစ်ပြီး ဖျက်ဆီးကြက်ကောင်ရေ ၅၁၂၂၊ စုစုပေါင်း သေဆုံး/ဖျက်ဆီးကောင်ရေ ၈၇၄၉ကောင်ဖြစ်ပါသည်။

(ဂ) **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်နယ်/တိုင်းများသို့ ညှိနှိုင်းဆောင်ရွက်မှု**

**(၁) သတင်းဖြန့်ချိပေးပို့ခြင်း**။ ကမ္ဘာ့ကုလသမဂ္ဂစားနပ် ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO၊ မြန်မာဌာနေကိုယ်စားလှယ်ရုံး၊ အရှေ့တောင်အာရှ ဇုန်ကောက်အခြေစိုက်ရုံး၊ ရောမမြို့ရုံးချုပ်များသို့လည်းကောင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် OIE၊ ပြင်သစ်အခြေစိုက်ရုံးချုပ်၊ အာရှဒေသ တိုကျိုအခြေစိုက်ဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံး၊ သြစတြေးလျ အခြေစိုက် ဒေသဥက္ကဋ္ဌများသို့လည်းကောင်း၊ ကြက်ရောဂါဖြစ်ပွားမှု ပြည်နယ်/တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနရုံးများမှတစ်ဆင့် ဒေသအတွင်းဒေသအာဏာပိုင်များနှင့် လုပ်ငန်းဆက်စပ်ဌာနအဖွဲ့များသို့လည်းကောင်း ဖြစ်စဉ် အသေးစိတ်သတင်းဖြန့်ချိပေးပို့ခဲ့ပါသည်။

**(၂) ပူးပေါင်းဆောင်ရွက်။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရန်ကုန်သို့ ၁၃-၃-၂၀၀၆ရက် မွေးမြူရေးဖွံ့ဖြိုးမှု စီမံကိန်းလုပ်ငန်းရပ်များနှင့်ပတ်သက်၍ ရောက်ရှိလာသော FAO Regional ဇုန်ကောက်အခြေစိုက်ရုံးမှ အကြီးတန်း အရာရှိ ဒေါက်တာဟင်းစ်ဝဂ္ဂနာ၊ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာတန်ဇီပင်းသို့ ကြက်ရောဂါဖြစ်ပွားမှုအခြေအနေ အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်တုပ်ကွေးကျွမ်းကျင်သူများ ရောဂါပျံ့နှံ့မှု/ဓာတ်ခွဲခန်းဆိုင်ရာ အကူအညီရရှိရေး၊ ရောဂါထိန်းချုပ် လုပ်ငန်းသုံးပစ္စည်းကိရိယာများ ပံ့ပိုးကူညီရေး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**(၃) ကြက်ရောဂါသံသယနမူနာပစ္စည်းများပေးပို့ခြင်း။** ကြက်တုပ်ကွေးရောဂါသံသယရှိသော နမူနာပစ္စည်းကို ဗိုင်းရပ်စ်ပိုးအမျိုးအစားခွဲခြား အတည်ပြုရန် ထိုင်းနိုင်ငံတိရစ္ဆာန် ဆေးကုဌာန၊ အမျိုးသားတိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းနှင့် သြစတြေးလျနိုင်ငံ OIE တိရစ္ဆာန်ကျန်းမာရေးဒေသဆိုင်ရာ ကိုးကားဓာတ်ခွဲခန်းသို့ ပေးပို့ထားရှိပါသည်။

(ဃ) **ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်။** ၁၃-၃-၂၀၀၆ရက်မှစ၍ ကြက်ငှက်တုပ်ကွေး ရောဂါသံသယဖြစ်ပွားမှုနှင့် ထိန်းချုပ်ရေးလိုက်နာဆောင်ရွက်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သတိပေးနှိုးဆော် ချက်များကို ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များမှ တစ်ဆင့် မွေးမြူ သူများသို့ နှိုးဆော်ဖြန့်ဝေအသိပေးခဲ့ပါသည်။

(င) **ကြက်ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်။** လက်ရှိကြက်ရောဂါဖြစ်ပွားခဲ့သည့် ဖော်ပြပါ မြို့နယ်များတွင် ရောဂါကင်းရှင်းမှုစိတ်ချရသည့်အခြေအနေအထိ ရောဂါထိန်းချုပ်စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ရောဂါကင်းရှင်းမှု စိတ်ချရသည့်အခါ ကြက်ရောဂါပျံ့နှံ့မှုမရှိရေးမှတ်တမ်းတင် သုတ်သင်ဖျက်ဆီးခံခဲ့ရသည့် ကြက်ခြံများအား ကြက်မွေးမြူမှု ပြန်လည်ထူထောင်နိုင်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာ့မွေးမြူ ရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးမှုဘဏ်တို့ ပေါင်းစပ်ညှိနှိုင်း၍ ကြက်အသစ် အစားထိုးဖြည့်ဆည်းခြင်း၊ ကနဦးတိရစ္ဆာန်အစာပေးအပ်ခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးထိုးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် စီမံထားရှိပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန။**

**ကြက်၊ ငှက် တုပ်ကွေး ရောဂါ မပြန့်ပွားစေရေး အတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များ ဖော်ပြထားသည့် ပိုစတာကို တွေ့ရစဉ်။**

(သတင်းစဉ်)

## တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် မတ် ၁၅**

ဦးရဲထွဋ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာတွင်း၌ မတ် ၁၂ရက် နံနက်၁၀နာရီ မိနစ်၂၀အချိန် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၆ကိုက် အကွာမှ XX10-No-3 ဘောလုံးကို Taylor Made Iron No(6)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုသို့ ဂေါက်သီးရိုက်စဉ် ကစားဖော်များဖြစ်ကြသော ဦးငွေစိုး၊ ဦးဖဲဘောင်၊ ဒေါက်တာထင်ပေါ် (အကယ်ဒမီဆေးခန်း) တို့အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

စီစဉ်ရေးသားသူ
မြင့်ခိုး

## မန်စီးတီးက အက်စ်တွန်ဗီလာကိုနိုင် အက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်

လန်ဒန် မတ် ၁၅

**အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအဖြစ် မတ် ၁၄ရက်က မန်စီးတီးအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်ကြောင်း သိရသည်။**

**အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲအဖြစ် မန်စီးတီးကစားသမားများနှင့် အက်စ်တွန်ဗီလာကစားသမားတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။**
(ဓာတ်ပုံ–အင်တာနက်)

မန်စီးတီးအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ကွာတား ဖိုင်နယ်ပွဲအဖြစ် ဘော်လ်တန်သို့မဟုတ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရလိမ့်မည်ဖြစ်သည်။

မန်စီးတီးအသင်းအတွက် ဂိုးများကို ဆာမာရက်နှင့် ဗက်ဆဲလ်တို့က သွင်းယူပေးခဲ့ကြသည်။ ပွဲချိန် ၁၇မိနစ်တွင် ဆာမာရက်က ဗီလာနောက်တန်း ကစားသမားများကြားမှ ထိုးဖောက်ကာ ဖွင့်ဆော်ဦးဂိုး သွင်းယူခဲ့သည်။

### လေးဂိုးမြောက်သွင်း

ဗီလာတိုက်စစ်မှူးဟောင်း ဗက်ဆဲလ်က ပွဲချိန်၄၈မိနစ်တွင် မန်စီးတီးအသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ဗီလာတို့ ချေပဂိုး သွင်းနိုင်ရေးအတွက်ပြန်လည်တိုက်စစ်ဆင်ကစားရာ ပွဲပြီးရန် ငါးမိနစ်အလိုတွင် စတီဗ်ဒေးဗစ်က ဗီလာအသင်းအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ဆာမာရက်သည် မန်စီးတီးသို့ ဇန်နဝါရီလက ရောက်ရှိလာပြီးနောက် ယခုအထိ မန်စီးတီးအတွက် လေးဂိုးမြောက်သွင်းယူနိုင်ခဲ့သူဖြစ်သည်။

### မမိဘဲဂိုးဝင်

ဆာမာရက်သည် ပွဲချိန် ၁၇မိနစ်တွင် တောင်ပံမှ ဘောလုံးကို ဆွဲပြေးလာပြီး ဗီလာနောက်တန်းကို ခြိမ်းခြောက်ကာ ဗီလာနောက်တန်း ကစားသမား မဲလ်ဘတ်ဂျ်နှင့် ဂိုးဧရိယာအတွင်း အပြိုင်ပြေးပြီး ဂိုးသွင်းယူလိုက်သည်။ ဗီလာဂိုးသမား ဆိုရမ်ဆင် ဘောလုံးကို ဖမ်းယူရန် ကြိုးစားသော်လည်း မမိဘဲ ဂိုးဝင်သွားခဲ့သည်။

သို့ရာတွင် ဆာမာရက်သည် အဝါကတ်ထိထား၍ ပွဲပြီးခါနီးတွင် ၎င်း အစား ဆီဘီယာစကီ ဝင်ကစားခဲ့သည်။ မန်စီးတီး တိုက်စစ်မှူးများသည် ဒုတိယပိုင်းတွင် ဗီလာဘက်သို့ အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့ရာ ဗီလာ နောက်တန်းကစားသမားများ အလူးအလဲ ကာကွယ်နေရသည်။

ဗီလာတိုက်စစ်မှူးများ ဖြစ်ကြသည့် ချက်ကစားသမား မီလန်ဘားရိုးစ်နှင့် ဒေးဗစ်အိုလာရီတို့သည် အစောပိုင်းက ဗီလာအသင်းကို အသာစီးရအောင် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ခြေစွမ်းကျလာမှုကြောင့် ဂိုးသွင်းနိုင်ချေများ ကျဆင်းခဲ့ရသည်။ မီလန်ဘားရိုးစ်သည် ပထမပိုင်းပွဲမပြီးမီ ငါးမိနစ်အလိုတွင် ဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်သွားရသည်။ **(အင်တာနက်)**

## အင်တာမီလန်က အေဂျက်ဇ်ကိုနိုင်ပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲ ဗီလာရီးရဲနှင့် နွှဲရမည်

မီလန် မတ် ၁၅

**ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲနောက်ဆုံး ၁၆သင်းရှုံးထွက်ပြိုင်ပွဲလက်ကျန်ပွဲအဖြစ် အင်တာမီလန်အသင်းနှင့်အေဂျက်ဇ်အသင်းတို့သည် ဒုတိယအကျော့ ပြိုင်ပွဲကို မတ် ၁၄ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်တာမီလန်က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။**

**အင်တာမီလန်နှင့်အေဂျက်ဇ်တို့ ယှဉ်ပြိုင်ကစားရာတွင် အင်တာမီလန် အလယ်တန်းကစားသမား စတန်ကိုဗစ်** (ယာ) **နှင့် အေဂျက်ဇ် နောက်တန်းကစားသမား ထရာဘယ်တို့ ဘောလုံး ကို အကြိတ်အနယ်လုကြစဉ်။**
(ဓာတ်ပုံ– အင်တာနက်)



အင်တာမီလန် အသင်းသည် ကွာတားဖိုင်နယ်ပွဲအဖြစ် စပိန်မှ ဗီလာရီးရဲအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

### သရေကျ

အင်တာမီလန်အသင်းနှင့်အေဂျက်ဇ်အသင်းတို့သည် ပထမအကျော့ပွဲစဉ်တွင် အေဂျက်ဇ်ကွင်း၌ နှစ်ဂိုးစီ သရေကျခဲ့သည်။

ယခု အင်တာမီလန်ကွင်း၌ အင်တာမီလန်က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ နှစ်ပွဲပေါင်းရလဒ် အင်တာမီလန်က သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ကာ ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

### ထုတ်ဖော်နိုင်စွမ်းမရှိ

အင်တာမီလန်နှင့် အေဂျက်ဇ်တို့သည် အနိုင်ဂိုးရရှိရေးနှင့် ပေးဂိုး မပေးရရေးအတွက် တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပထမပိုင်းပွဲပြီးသည်အထိ နှစ်သင်းစလုံးရလဒ်အဖြေကို ထုတ်ဖော်နိုင်စွမ်း မရှိခဲ့ကြပေ။

နှစ်သင်းစလုံးက အရေးကြီးဆုံးသော တစ်ဂိုးကို သွင်းယူရန် အားပြည့်အင်ပြည့်ဖြင့် ကွင်းထဲသို့ ပြန်ဝင်လာကြသည်။ ကွင်းထဲရောက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ဖွင့်ဆော်ဦးဂိုးစသွင်းရန် တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ် ထိုးဖောက်ကစားလာသည်။ ဒုတိယပိုင်းပြန်စပြီး မိနစ်အတန်ကြာ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲရှိသည်။

ပွဲချိန် ၅၇မိနစ် အရောက်တွင် အင်တာမီလန်မှ စတန်ကိုဗစ်က အရေးပါသော တစ်ဂိုးကို သွင်းယူလိုက်နိုင်သည်။

အင်တာမီလန်မှ အက်ဒနီယာနိုသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်ရရေး အခွင့်အလမ်း ရရှိခဲ့သော်လည်း အဝင်နောက်ကျသဖြင့် အခွင့်ရေးဆုံးရှုံးသွားသည်။

အင်တာမီလန်အသင်းသည် ၁၉၆၄ခုနှစ်နှင့် ၁၉၆၅ခုနှစ်က နှစ်နှစ် ဆက်တိုက် ဥရောပချန်ပီယံဖြစ်ခဲ့ဖူးသည့် အသင်းတစ်သင်း ဖြစ်သည်။ ။ **(အင်တာနက်)**

## အွန်နရီကြောင့် အာဆင်နယ်အသင်းမျှော်လင့်ချက်များရှင်သန်လာ

လန်ဒန် မတ် ၁၅

**ယခုနှစ် ဘောလုံးရာသီအတွင်း ရီးရဲမက်ဒရစ်နှင့် လီဗာပူးအသင်းတို့အပေါ် နိုင်ပွဲရခဲ့မှုသည် ကြီးမားသော အောင်မြင်မှုတစ်ရပ်ကို အာဆင်နယ်အသင်း ပြသနိုင်ခဲ့ခြင်းဖြစ်သည်ဟု အာဆင်နယ်အသင်း ခေါင်းဆောင်အွန်နရီက ပြောကြားလိုက်သည်။**

**အာဆင်နယ်နှင့် လီဗာပူးပွဲတွင် အွန်နရီက ဒုတိယမြောက်ဂိုးကို ဤသို့သွင်းယူခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

ရီးရဲမက်ဒရစ်နှင့်လီဗာပူးအသင်းတို့ကို အနိုင်ရယူခဲ့ရာတွင် အဓိက စွမ်းဆောင်ခဲ့သည့် အွန်နရီလည်း ချည့်နဲ့နေသော အာဆင်နယ် အသင်းကို အားသစ်အင်သစ်များ ပြန်လည်မွေးဖွားလာစေနိုင်ခဲ့သူ ဖြစ်လာသလို အာဆင်နယ်အသင်း၏ အနာဂတ်မျှော်လင့်ချက်များကို ရှင်သန်စေခဲ့သူ တစ်ဦးလည်း ဖြစ်ခဲ့သည်။

### အစွမ်းထက်

လီဗာပူးအသင်းနှင့် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကစားခဲ့ရသည့် ပွဲတွင် လီဗာပူးအသင်း ကပ္ပတိန် စတီဗင်ဂျရတ်ခြေပေါ်အောင်ကစားနိုင်သလို အာဆင်နယ်အသင်း ခေါင်းဆောင်ဖြစ်သည့် တိုက်စစ်မှူး အွန်နရီ၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကလည်း အစွမ်းထက်ခဲ့လေသည်။

သို့သော် စတီဗင်ဂျရတ်၏ မမျှော်လင့်သော အမှားကို အွန်နရီက အပြည့်အဝ အကောင်အထည်ဖော်ပြီးရရှိသည့် လျှပ်တစ်ပြက် အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချခဲ့သဖြင့် ဂိုးရသွားရာ ယင်းဂိုးဖြင့်ပင် လီဗာပူးတို့ ရှုံးပွဲကြုံစေခဲ့ပြီး အွန်နရီလည်း အာဆင်နယ်ကို အသက်ဝင်စေခဲ့သူဖြစ်ခဲ့သည်။

### အသက်ဝင်စေခဲ့

ထို့အတူ ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ်တွင် နာမည်ကြီး ရီးရဲမက်ဒရစ်ကို ဟိုက်ဘူရီ၌ တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ယူပြီး ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်မှ ဖြုတ်ချခဲ့သူမှာလည်း အွန်နရီပင်ဖြစ်သည်။ အွန်နရီသွင်းဂိုးကြောင့် ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ်အိပ်မက်ပျက်ပြယ်ခဲ့ရသလို ရီးရဲမက်ဒရစ် ပရိသတ်လည်း အသံတိတ်ငြိမ်သက်သွားစေခဲ့သည်။

မိမိတို့အနေဖြင့် နိုင်ပွဲများလိုအပ်နေကြောင်း၊ ပြီးခဲ့သည့်ဘောလုံးပွဲစဉ် အချို့တွင် အမှားအယွင်းများရှိခဲ့ပြီး ရှုံးပွဲများ ကြုံတွေ့ခဲ့ရသဖြင့် ဖိအားပေးမှုဖြင့်ခံခဲ့ရကြောင်း၊ ယခုအခါ မိမိတို့ ကြိုးစားမှုကြောင့် နိုင်ပွဲများ ပြန်ရလာပြီး ချန်ပီယံလိဂ်တွင်လည်း ကွာတားဖိုင်နယ်အထိ တက်ခဲ့ပြီဖြစ်ခဲ့ကြောင်း၊ အောင်ပွဲများ ဆက်လက်ရယူနိုင်အောင် ထပ်မံကြိုးစားသွားမည်ဖြစ်ကြောင်း အွန်နရီက ပြောကြားလိုက်သည်။

လီဗာပူးနှင့် ပွဲစဉ်တွင် စတီဗင်ဂျရတ်က မိမိဘောလုံးကို ဂိုးသမား ဒေးဗစ်ဂျိမ်းဆီသို့ ပြန်ပေးလိုက်ချိန်တွင် အွန်နရီကို သတိမထားမိလိုက်ကြောင်း၊ မိမိအမှားကို အသုံးချသွားနိုင်ခြင်းဖြစ်ကြောင်း၊ အွန်နရီသည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးတွင် ပါဝင်ကြောင်းပြောကြားခဲ့သည်။

အာဆင်နယ်နှင့်ပွဲတွင် လီဗာပူးအသင်းမှ ပွဲချိန် ၈၁ မိနစ်တွင် နှစ်ဝါ တစ်နီဖြင့် အထုတ်ခံခဲ့ရသည့် အလွန်ဆိုကြောင့် ၁၀ ဦးတည်းနှင့် ကစားရပြီး ကစားအားလည်း ကျသွားခဲ့ရသည်။ ဂျရတ်အနေဖြင့် တစ်ယောက်လျော့နေသည့် မိမိအသင်းဟန်ချက်မပျက်အောင် ထိန်းထိန်းသိမ်းသိမ်းနှင့် နေရာစုံကစားခဲ့ရသည်။

လီဗာပူးအသင်း မန်နေဂျာ ဘင်နီတက်ဇ်ကလည်း ဂျရတ်အနေဖြင့် ရိုးသားစွာ ဖြစ်ခဲ့သည့်အမှားအယွင်းဖြစ်ကြောင်း၊ ယခုဖြစ်ခဲ့သည့် အမှားကြောင့် ဂျရတ်အနေဖြင့် ခံစားမှုတစ်စုံတစ်ရာဖြစ်နေမည်ဟု မိမိသိကြောင်း၊ သို့သော်လည်း ၁၀ ဦးတည်းနှင့်ကစားနေရသည့် ဘောလုံးအသင်းတစ်သင်း၏အသင်းခေါင်းဆောင်တစ်ဦး၏စိတ်ခံစားမှုအနေအထားမည်သို့ရှိနေမည်ဆိုသည်ကိုနားလည်လျှင် ယခုကိစ္စသည် ပြဿနာတစ်ရပ် မဟုတ်ပါကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

**မန်ယူ တိုက်စစ်မှူး ရွန်နေ၏ ကစားဟန်။**
(ဓာတ်ပုံ– အင်တာနက်)

## ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား မန်ယူတိုက်စစ်မှူး ရွန်နေဖြစ်လာမည်လော

လန်ဒန် မတ် ၁၅

**မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူးရွန်းနေသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် သုံးနှစ်အတွင်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း နယူးကာဆယ်မန်နေဂျာ ဂလင်းရိုဒါက ခန့်မှန်းပြောဆိုလိုက်သည်။**

ရွန်နေ၏ကစားပုံများကို မန်ချက်စတာယူနိုက်တက်နှင့် နယူးကာဆယ်တို့ မတ် ၁၂ရက်က အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ကြည့်ရှုခဲ့ရပြီး ၎င်းသည် အသန့်ရှင်းဆုံး ကစားသွားနိုင်သည်ကို တွေ့ရကြောင်း ရိုဒါက ပြောကြားသည်။

### ဂိုးဒါဇင်ဝက်ခန့်

ရွန်နေသည် လွန်ခဲ့သောလက အဲဗာတန်မှ မန်ယူသို့ ပြောင်းရွှေ့လာပြီးနောက် အလွန်ကောင်းသည့် ဘောလုံးသမားဖြစ်လာသည်။ ရိုဒါသည် ဂရမ်မီဆောင်းနက် ပြီးခဲ့သောလက နုတ်ထွက်သွားပြီးနောက် မန်နေဂျာ တာဝန်ကို ပြောင်းလဲယူခဲ့သူဖြစ်သည်။ ရွန်နေသည် အဆိုပါပွဲတွင် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းပေးခဲ့သူဖြစ်သည်။ ၎င်းသည် ယင်းပွဲတွင် ဟက်ထရစ်(သုံးဂိုး) ရလုနီးပါးဖြစ်ခဲ့သည်။ ထို့ပြင် အနည်းဆုံး ဂိုးဒါဇင်ဝက်ခန့်သွင်းနိုင်ချေများ ဖန်တီးခဲ့သူလည်းဖြစ်သည်။

ရွန်နေသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် သုံးနှစ်အတွင်း ဖြစ်လာနိုင်ကြောင်း အခွင့်အလမ်းများလည်း ရှိနေကြောင်းဖြင့် ရိုဒါက ပြောကြားသည်။

၎င်းသည် အရည်အချင်း အလွန်ပြည့်ဝသူဖြစ်ပြီး ကစားကွက်ဖန်တီးမှုနှင့် တွန်းတွန်းတိုက်တိုက်ဖြင့် ကစားနိုင်သည့်စွမ်းရည်မှာ အလွန်ကောင်းကြောင်းဖြင့်လည်း ၎င်းက ချီးမွမ်းစကားများဆိုသည်။ ၎င်းသည် အလွန်အံ့သြစရာကောင်းသောဘောလုံးသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းနှင့် ထိုက်တန်သည့် ဘောလုံးသမားကောင်းတစ်ဦးလည်းဖြစ်သည်။

### ဖန်တီးနိုင်ခဲ့

ရွန်နေသည် ထိုပွဲတွင်ဟက်ထရစ်ဂိုးအဖြစ် သွင်းယူရာ တိုင်ထိပြီး ပြန်ထွက်လာသဖြင့် ဟက်ထရစ်နှင့်လွဲသွားရသည်။ ယင်းပွဲတွင် ဆာဟာ၊ ပက်ဂျီဆန်၊ ခရစ္စတီယာနို ရိုနယ်ဒိုနှင့် နစ္စတယ်ရွိုင်းတို့သည်လည်း ဂိုးသွင်းခွင့် အခွင့်အလမ်းများ ဖန်တီးနိုင်ခဲ့ကြသည်။

**ကိုးကားချက် –(စထရိတ်တိုင်းမ်)**

## လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်း၊ အမှတ် ၃၂ (B)နေ
ဦးခင်ဦး-ဒေါ်တင်တင်ဌေးတို့၏သားထွေး

**မောင်ညီလွင်ဖြိုးဦး B.A (Eco)**

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးဘိုလွင် (အငြိမ်းစား)-ဒေါ်အေးအေးအောင်
(လက်ထောက်ကထိက၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်)
တို့၏ တစ်ဦးတည်းသောသမီး

**မမေလွင်ဗိုလ် B.A (English)**

**(Teacher of Pride International Education Centre)**

တို့၏ ၁၁-၃-၂၀၀၆ရက် (စနေနေ့) Traders Hotel (Myanmar Ballroom)၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ သတို့သားအရန် ဇော်ထွန်းလင်းနှင့် ဝေယံမင်း၊ သတို့သမီးအရန် မစန်းငြိမ်းဖြူနှင့် မကြည်ပြာမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးကြသော မသွဲ့ဇာခြည်ထွဋ်နှင့် မခင်မေဖြိုးတို့အားလည်းကောင်း၊ မင်္ဂလာပန်းနှင့် ရွှေလမ်းငွေလမ်းခင်းပေးကြသော မကတ္တီပါ၊ ပိုးပိုး၊ သဲသဲ၊ ငယ်ထွေး၊ သဲဦးတို့အားလည်းကောင်း၊ သတို့သမီးဝတ်စုံဖန်တီးပေးသော မိတ်ကပ် ကိုအုန်းသွင်(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်အလှဆင်ယင်ပေးကြသော မိတ်ကပ် အောင်အောင်(တောင်ကြီး)အဖွဲ့နှင့် မိတ်ကပ် လင်းလင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးသော ပွင့်ဖြူပုလဲရတနာဆိုင်၊ စိန်ရတနာစိန်ဆိုင်နှင့် စိန်ဧကရာဇ်ရတနာဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦးနှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော စန္ဒရားကွန်းဇော် မင်္ဂလာတူရိယာအဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုကိုမြဝင်း(Rays)အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင် Eternal Flower အားလည်းကောင်း၊ Traders ဟိုတယ်မှ မန်နေဂျာ မသန့်သန့်ဦးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်ကြသော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်း ကူညီခဲ့ကြသူများ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ညီလွင်ဖြိုးဦး-မမေလွင်ဗိုလ်။**

## အရှင်ဇဝန(ပဲခူး)၏ဓမ္မသဘင်

**ရန်ကုန် မတ် ၁၅**

နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာတော် အရှင်ဇဝန(ပဲခူး)သည် မတ်၁၆ရက်နှင့်၁၇ရက်တွင် ပြွန်တံဆာမြို့နယ် အောင်းကြီးရွာ ဗုဒ္ဓပူဇနိယပွဲ၌လည်းကောင်း၊ ၁၈ရက်၌ ကဒါးရွာ၊ ၁၉ရက်တွင် ညောင်လေးပင်မြို့နယ် ထိန်တပင်ရွာ၊ ၂၀ရက်တွင် ကောက်ကွေ့ရွာ၊ ၂၁ရက်တွင် ဆုံကုန်းရွာ၊ ၂၂ရက်တွင် ဇီးကုန်းရွာ၊ ၂၃ရက်တွင် မယ်ဇလီခင်ရွာ၊ ၂၄ရက်တွင် ကြိုးကြာကွင်းရွာ၊ ၂၅၊၂၆နှင့်၂၇ရက်တို့တွင် မဒေါက်မြို့ ထိုင်တရားရိပ်သာ တရားစခန်း၌လည်းကောင်း တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မတ်၄ရက်က သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဧရာဝတီတိုင်း ပညာရေးမှူး ဦးမြင့်ဆွေနှင့် သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ရန်ကုန်တိုင်း တရားရုံး၌**

**၁၉၈၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၇**

| တရားလိုများ | | တရားပြိုင်များ |
|---|---|---|
| ၁။ ဦးတင်အောင်ခိုင် | နှင့် | ၁။ ဒေါ်တင်တင်မြင့် (ကွယ်လွန်သူ ဒေါ်ခင်ကြည်နှင့် ဦးထွန်းကြည်တို့၏ ကိုယ်စားပြုသူ) |
| ၂။ ဒေါက်တာဒေါ်အေးအေးမြင့် အမှတ် ၄၁(ဒီ)၊ လေဆိပ်လမ်း၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်း | | ၂။ အင်န်ဘော်(ခ)ဒေါ်ခင်ခင်ညွန့် (၎င်း၏ကိုယ်စားလှယ် ဒေါ်လေးကြည်) |

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ၁၀မိုင်၊ လေဆိပ်လမ်း၊ အမှတ် ၄၁(ဒီ)နေ ဦးတင်အောင်ခိုင်၊ ဒေါက်တာဒေါ်အေးအေးမြင့်(ယခုနေရပ်လိပ်စာမသိသူများ)ထံ အကြောင်းကြားသည်မှာ-

အထက်အမည်ပါ အမှုတွင် ဤတိုင်းတရားရုံးသို့ တရားရှုံး ဒေါ်ခင်ခင်ညွန့်(ခ)ဒေါ်အင်န်ဘော်၏ တရားဝင်အခွင့်ရ ကိုယ်စားလှယ် ဒေါ်လေးကြည်မှ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ်၄၀၇/၈၄တွင် ချမှတ်သည့် ဒီဂရီအရ အမှတ်(၂)တရားရှုံး၏ ဝေစုအတွက် နောက်ဆက်တွဲအမိန့်တစ်ရပ် ချမှတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ လူကြီးမင်းတို့ကိုယ်တိုင်ဖြစ်စေ၊ လူကြီးမင်းတို့ကတစ်ဆင့် နည်းလမ်းတကျ လွှဲအပ်သည့် ရှေ့နေဖြစ်စေ အဆိုပါ လျှောက်ထားလွှာပါအတိုင်း အမိန့်မချသင့်အကြောင်းနှင့် အကြောင်းပြရန် ၂၀၀၆ခုနှစ် မတ်လ ၂၉ရက် နံနက် ၁၀နာရီ အချိန်တွင် လူကြီးမင်းတို့ကိုယ်တိုင်ဖြစ်စေ နေရာတကျ ကြားပြောပြီး လူကြီးမင်း၏ရှေ့နေဖြစ်စေ ဤတိုင်းတရားရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို လူကြီးမင်းတို့ကွယ်ရာတွင် တစ်ဘက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၆ခုနှစ် မတ်လ ၁၅ရက်တွင် ဤတိုင်းတရားရုံး၏ တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ကျော်ညွန့်**
**တွဲဖက်တိုင်းတရားသူကြီး(၁၅)**
**ရန်ကုန်တိုင်းတရားရုံး။**

## နေ့အပူချိန်များ တိုးတက်လာ လေပြင်းများခေတ္တမျှတိုက်ခတ်နိုင်

ရန်ကုန် မတ် ၁၅

**ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲ၊ညနေပိုင်းတို့၌ မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ မိုင်၅၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြိုးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။**

(သတင်းစဉ်)

## သင်္ကြန်တွင်း တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၁၅**

သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်ပတ်လမ်းရှိ မူလမင်းကွန်းဓမ္မရိပ်သာကျောင်းတိုက်၌ ဧပြီ၈ရက်မှ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။လာရောက်တရားအားထုတ်လိုသူများသည် ဖုန်း-၅၄၇၂၈၆သို့ ဆက်သွယ်စုံစမ်း၍ လာရောက်တရားအား ထုတ်နိုင်ကြောင်းသိရသည်။

(က-ပ)



# မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မတ္တရာနှင့်စဉ့်ကူး အမျိုးသမီးရေးရာအဖွဲ့နှင့်တွေ့ဆုံ၊ အဆိုပြုလွှာများလက်ခံ

မန္တလေး မတ် ၇

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းသည် မတ္တရာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တွေ့ဆုံပွဲ အခမ်းအနားကို မတ် ၃ရက် နံနက် ၈နာရီက မတ္တရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။**

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များ၊ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မတ္တရာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းယုကမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မျိုးဝင်းက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး မတ္တရာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရာသက်ပန် အသင်းဝင်အဆိုပြုလွှာ ၅၀၀နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာ ၅၀၀တို့ကိုပေးအပ်ရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းပြီး ပညာပေး လက်ကမ်းစာစောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာသို့ရောက်ရှိပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန် အသင်းဝင်အဆိုပြုလွှာ ၅၀၀၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် အဆိုပြုလွှာ ၅၀၀တို့ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့ကပေးအပ်ရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းကာ ပညာပေး လက်ကမ်းစာစောင်များ ပေးအပ်သည်။

**(သတင်းစဉ်)**

**ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သိမ္မာကျေးရွာ စက်ရေတွင်းတူးဖော်ပြီးစီးမှုနှင့် ရေကန်၊ ရေစက်ရုံ ဆောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးမန်း ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ် စည်ပင်)

## စာအောင်လက်မှတ် ဆက်ကပ်လှူဒါန်း

**တပ်ကုန်း မတ် ၈**

တပ်ကုန်းမြို့နယ် (၂၅) ကြိမ်မြောက် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၅ရက် မွန်းလွဲ ၁နာရီက တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တွင် ကျင်းပရာ တပ်ကုန်းမြို့နယ်တွင်းရှိ ပရိယတ္တိ စာသင်တိုက်များမှ ၂၀၀၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူသော ပထမကြီးတန်းအောင် ခြောက်ပါး၊ ပထမလတ်တန်းအောင် ၁၂ပါး၊ ပထမငယ်တန်းအောင် ၂၄ပါး ပေါင်းသံဃာ ၃၇ ပါးတို့အား စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(၂၆၆)**

## ကောလင်း၌ နေခြည်ဦးစာကြည့်တိုက်ဖွင့် စာပေရေးရာဟောပြော၊ စာအုပ်မျိုးစုံလှူဒါန်း

ကောလင်း ဖေဖော်ဝါရီ ၁၆

**ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု ဝါးရုံခုံကျေးရွာတွင် နေခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ကျင်းပသည်။**

**အခမ်းအနားတွင် ကျေးရွာအုပ်စုကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်တို့က အမှာစကား ပြောကြားကြသည်။**

**ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)၊ အတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)တို့က စာပေရေးရာများ ဟောပြောကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ် ၆၂အုပ်၊ ခင်မို့မို့စာပေမှ ဂျာနယ် ၁၀၀၊ ကြယ်စင်စာပေမှ ဂျာနယ် ၈၅စောင်နှင့် သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၄၀ တို့ကို ကျောင်းအုပ်ကြီး ဦးစိန်ကျော်သို့ ပေးအပ်လှူဒါန်းကြသည်။** (၀၂၆)

**မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကာကွယ်ရေးအတွက် အကြိုအခြေခံ အရန်မီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၆)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ရက်က မြို့မဈေးခန်းမဆောင်၌ ကျင်းပရာ (ခေတ္တ)အမှုဆောင်အရာရှိ ဦးသာဦးက သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။**

(မြို့နယ် စည်ပင်)

## ညောင်ရွှေ၌ ကြက်ဆူပင်များ စနစ်တကျစိုက်ပျိုး

**ညောင်ရွှေ မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပညာရေး ဦးစီးဌာန လက်ထောက် မြို့နယ် ပညာရေးမှူး ဦးစိုင်းအောင်ဖြိုး ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်တွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းကျောင်းများတွင်ကြက်ဆူပင်များ စနစ်တကျ စိုက်ပျိုးလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၃ ရက် အထိကျောင်းပေါင်း၂၁၇ ကျောင်း၌ ၆၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(၀၂၇)**

## တံတားမြို့ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ကျောက်တန်း မတ် ၁၅

**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီး၊ ဆရာမကြီး ၃၅ဦးအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သီရိရတနာခန်းမ အထက တံတားမြို့တွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် အလှူငွေလှူဒါန်းလိုသူများသည် ဗိုလ်ချုပ်အောင်မြင့်(ငြိမ်း) ဖုန်း- ၀၁-၅၇၉၇၄၂၊ ဆရာမဒေါ်သန်းငွေ ဖုန်း- ၀၁-၆၆၁၉၆၇၊ ဒေါ်မြစမ်း ဖုန်း- ၀၁-၅၄၃၄၅၂၊ ဒေါ်တင်လေးဆွေ ဖုန်း- ၀၁-၂၉၇၁၆၈၊ ဦးထွန်းလှရွှေ ဖုန်း-၀၅၆-၂၅၁၇၀ နှင့် ဦးလှဝင်း (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၂၄၄၄၃၃၊ ၂၄၄၄၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် အကျိုးဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။** (က-ပ)

## မြန်မာ့အသံ

**၁၇-၃-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန္တလေးတိုင်းမှ ငါးလုပ်ငန်း ဦးစီးဌာန၏ ဆောင်ရွက်မှုများ)

၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်သနပ်ခါးပင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ရတနာများ)

**ညနေပိုင်း**

၁၆း၃၀ ဆွေးနွေးခန်း (ရှမ်းပြည်နယ် မြောက်ပိုင်း မူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်ချက်များ)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)လတပေါင်း (ခေါင်းကြီး) (၂)တကယ့်ရတနာ (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဆင်စီး မြင်းရံ)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး- မောင်ဆုရှင်)

၁၉း၁၅ ကာလပေါ် တူရိယာအဖွဲ့ (ညမွှေးပန်း-ကာလပေါ်အဖွဲ့)

**ပြည်မြို့နယ် ထန်းပေါက်ကျေးရွာရှိ ဦးအေးခိုင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၅ရက်က ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ် စည်ပင်)

## မြောက်ဦး မြို့မဈေး၌ မီးငြိမ်းသတ်နည်း သရုပ်ပြ

**မြောက်ဦး မတ် ၈**

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှေ့တွင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မတ် ၁ ရက်က မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင် ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

## ပေါင်းမြက်များရှင်းလင်း ရေနုတ်မြောင်းတူးဖော်

**မချမ်းဘော ဖေဖော်ဝါရီ ၂၈**

မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့တော်ခန်းမ ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို ဖေဖော်ဝါရီ ၁၅ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင်ကိုကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(ပြည်နယ် စည်ပင်)**

**မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းတွင် မတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် ဝန်ထမ်းများ ပျိုးအိတ်များအတွင်း ကြက်ဆူစေ့များထည့်သွင်းပျိုးထောင်ခြင်းနှင့် ပျိုးပင်များရှင်သန်ကြီးထွားစေရေး စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ ကျိုက်သလွံ့စေတီ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန် မတ် ၇ ရက်က မိဘများဖြစ်သော ဦးရွှေအောင်–ဒေါ်အေးကြူ၊ အစ်ကို ဦးညွှန့်တင်၊ ဦးခင်မောင်အေး အစ်မ ဒေါ်သန်းသန်းတို့အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မကြီးကြီးလမ်းနေ ဦးအုန်းမောင်–ဒေါ်အေးအေးဆွေမိသားစုက ငွေကျပ်တစ်သိန်း **ပေးအပ်လှူဒါန်းရာ ကျိုက်သလွံ့စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေး တည်ဆောက်မှုကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က လက်ခံယူစဉ်။** (၁၆၈)

## ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကျင်းပ စိုက်နည်းစနစ်နှင့် အသုံးဝင်ပုံများ ရှင်းလင်း

ဒေးဒရဲ မတ် ၁၀

**ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျူံသင်နှင့် ဝါးကမယ်ကျေးရွာအုပ်စု ခြစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲနှင့် ပျိုးထောင်ပွဲကို မတ် ၃ ရက် နံနက် ၈ နာရီက ကျူံသင်ကျေးရွာအုပ်စု ဦးသန်းဦး၏ ငါးမွေးမြူရေးကန်ပေါင်တွင် ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်က ခြစည်းရိုးကြက်ဆူပင် စိုက်နည်းစနစ်နှင့် အသုံးဝင်ပုံများကို အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက ဒေးဒရဲမြို့နယ်အတွင်း ဧက ၁၅၀ စိုက်ပျိုးရမည်ဖြစ်၍ ခြစည်းရိုးကြက်ဆူပင်ပေါင်း ၁၈၀၀၀၀ ကို စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

### စုပေါင်းပျိုးထောင်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်းရှင်များသည် ကြက်ဆူပင် ၆၀၀နှင့် မျိုးစေ့ ၉၀၀၀ကို ကျေးရွာနေ ပြည်သူများနှင့် တပျော်တပါး စုပေါင်းပျိုးထောင်စိုက်ပျိုးကြကြောင်းသိရသည်။

**(အပေါ်ယာပုံ) (က–ပ)**

## ခြစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်များဖြန့်ဝေ ပန်းအလှပင်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများကြည့်ရှု

**မြစ်ကြီးနား မတ် ၁၀**

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ မြို့နယ်နှင့် မြို့များတွင် စည်ပင်သာယာရေးအဖွဲ့များက ခြစည်းရိုးကြက်ဆူပင် စုစုပေါင်း ဧက ၃၄၁၀ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ဧက ၁၀၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ ဖားကန့်မြို့တို့တွင် ဧက ၅၀၀ စီ၊ ကျန်မြို့နယ်နှင့် မြို့များတွင် ဧက ၉၀၀ စိုက်ပျိုးရမည်ဖြစ်ရာ ၂၀၀၆ ခုနှစ်အတွင်း လျာထားဧက၏ ၁၀ ရာခိုင်နှုန်း ပြည့်မီအောင် စိုက်ပျိုးမည်ဖြစ်သည်။

### စိုက်ပျိုး

ကချင်ပြည်နယ်တွင် မျိုးစေ့ပျိုးပင် ၂၂၀၂၀၀ ပျိုးထောင်ထားပြီး ကိုင်းဖြတ် ပျိုးပင် ၆၅၀၀၀ နှင့် မျိုးစေ့ပျိုးပင် ၁၄၀၀၀၀ တို့ကို မြေချ စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

### ဖြန့်ဝေပေး

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဗဟိုပျိုးဥယျာဉ်တွင် ခြစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်ပေါက်များကို ပျိုးထောင်ဖြန့်ဝေလျက်ရှိရာ မတ် ၄ ရက်က ညွှန်ကြားရေးမှူး ဦးတင်ချိုက မြို့နယ်များသို့ မျိုးစေ့များနှင့် ပျိုးပင်ပေါက်များကို ဖြန့်ဝေပေးအပ်ပြီး **(အောက်ပုံ)** ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားမှု၊ ပန်းအလှပင်စိုက်ပျိုးထားမှုနှင့် ဥစားကြက်မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**

## ဆွမ်းဆန်စိမ်းလောင်းလှူ

**မြင်းခြံ ဖေဖော်ဝါရီ ၂၈**

မြင်းခြံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကဦးဆောင်၍ (၂၅)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မြင်းခြံမြို့ မဏ်ဍကဥ္စနာခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပင့်သံဃာ ၉၃၂ ပါး ကြွရောက်ချီးမြှင့်တော်မူရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့်ဇနီး ဒေါ်မြသီဂီတို့အမှူးပြုသော အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း စုစုပေါင်း တန်ဖိုး ငွေကျပ် ၇၅ သိန်းကျော်တို့အား စုပေါင်းလောင်းလှူကြသည်။

(၉၀၂)

## (၂၆)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် မတ် ၁၅**

အမျိုးသား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနမှ ဒေါ်ချယ်ရီမျိုးလွင် (Winner Computer Group)**(ဝဲပုံ)** သည် မတ် ၇ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ (၂၆) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(က–ပ)**

## အပြို့ပြို့ အနယ်နယ် သတင်းများ

## ဖျာပုံ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ဖျာပုံ မတ် ၁၀**

ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင် ကရင်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၈ရက် နံနက်၉နာရီက ဖျာပုံမြို့ အထက(၃)၌ ကျင်းပမည်ဖြစ်သည်။

### အလှူငွေများဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေများကို ရန်ကုန်မြို့ ဒေါက်တာရီရီမြ ဖုန်း–၅၇၂၁၄၇၊ ဒေါ်မြင့်မြင့်သန်းလေး ဖုန်း–၀၉–၉၉ ၁၁၁၄၊ ဒေါ်စန်းစန်းမော် ဖုန်း–၅၁၁၈၄၈၊ ဦးအောင်ဦး ဖုန်း– ၅၇၀၉၈၂၊ နော်ကစ်တီ ဖုန်း–၃၈၄၄၃၂၊ ဖျာပုံမြို့ အထက(၃) ကျောင်းအုပ် ဆရာမကြီး ဒေါ်မာမာဆွေ ဖုန်း–၀၄၅–၄၀၃၆၁၊ ဒေါ်မြင့်မြင့်သန်းကြီး ဖုန်း–၀၄၅–၄၀၂၃၂၊ ဦးသိန်းဇံ ဖုန်း–၀၄၅–၄၀၃၁၈ နှင့် ဒေါ်စန်းယဉ် ဖုန်း–၀၄၅–၄၀၇၀၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၉)**

## သန်လျင်၌ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမ ဒီဂရီကောလိပ်လမ်းထောင့်ရှိ မြေသုံးဧကပေါ်တွင် နှစ်ထပ်တိုက် တည်ဆောက်သွားရန် သာသနာ့ဗိမာန် တည်ဆောက် ရေးကော်မတီနှင့် ဆပ်ကော်မတီဝင်များဖွဲ့စည်းကာ ဆောင်ရွက်လျက် ရှိသည်။

### ဆက်သွယ်လှူဒါန်းနိုင်

သို့ဖြစ်၍ ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များအနေဖြင့် သာသနာ့ဗိမာန်တည်ဆောက်ရေးရုံးအဖွဲ့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီကောလိပ်ထောင့်နှင့် နီလာမင်းရွှေဆိုင် မြို့မဈေးအပေါ်ထပ်(သန်လျင်) ဖုန်း–၀၅၆–၂၁၂၀၁ နှင့် ၀၉ ၅၀–၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မီးအာမခံ စုပေါင်းပေးအပ်

**ညောင်ဦး မတ် ၅**

ညောင်ဦး မြို့နယ်အတွင်း သမဝါယမအသင်းများက၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် မီးအာမခံစုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်ကမြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က အမှာစကားပြောကြားပြီး သမဝါယမအသင်းက ပေးအပ်သည့် မီးအာမခံထားသည့် ငွေ ၂၄၉၂၄၅ကျပ် ၉၈ ပြားကို သမဝါယမအသင်းများ ကိုယ်စား မြို့မအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း မန်နေဂျာ ဒေါ်အေးအေးပြုံးက ပေးအပ်ရာ မြန်မာ့အာမခံလုပ်ငန်း မြင်းခြံခရိုင် တာဝန်ခံ ဦးဂေါစိန်က လက်ခံရသည်။

**(၃၀၀)**

**မိုင်းယောင်းမြို့နယ် ဝမ်မန်းအုပ်စု ဝမ်းရှဲန်းရွာ၌ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ပေ ၂၀၀ ခင်းပြီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ကွင်းဆင်းကြပ်မတ်စစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

**ရန်ကုန်မြို့ တာမွေ မြို့နယ် တာမွေကလေး ရပ်ကွက် ဦးဘကျော်လမ်း အမှတ် ၇၄နေ ဒေါ်ရွှယဉ်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေး ကူညီမှုအ သင်း သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူကလက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။** (က–ပ)

## မော်လမြိုင်ကျွန်း ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင်ကျွန်း မတ် ၁၀**

မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ဒေါက်တာ ခင်မောင်အုန်းအားရည်စူး၍ အလှူရှင် မုံရွာမြို့ ဒေါနခြံလမ်းနေ(အငြိမ်းစား) ကျောင်းဆရာမကြီးဒေါ်သန်းသန်းမိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာ ဒေါ်မြမြအေးက လက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် မော်လမြိုင်ကျွန်းမြို့တွင် ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလှူရှင် မိသားစုများက ဘိုးဘွားရိပ်သာအတွက် ငွေကျပ်သုံးသိန်း၊ ပုညဝမုန ကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ မိုးညိုကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ ဆရာကြီးဦးဘဖေ အထိမ်းအမှတ် အထက(၁)အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် ငွေကျပ်သုံးသိန်း၊ မြို့နယ်နာရေးကူညီမှုအသင်းအတွက် ငွေကျပ်တစ်သိန်း၊ လောကသကျမာရဇိန်ဘုရားအတွက် ငွေကျပ်တစ်သိန်း၊ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားအတွက် ငွေကျပ်တစ်သိန်း၊ ပစ္ဆိမာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ငွေကျပ်ငါးသောင်း၊ ဇေယျာသိရိ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းအတွက် ငွေကျပ်ငါးသောင်း စုစုပေါင်း ငွေကျပ်၁၉သိန်း ပေးအပ်လှူဒါန်းကြသည်။ (၀၉၇)

ကရင်ပြည်နယ် မြဝတီမြို့ မဲကနယ်ကျေးရွာတွင် မတ် ၅ ရက်က ငွေကျပ်သိန်း ၁၃၀တန် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မျိုးထွဋ်၊ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး၊ မြို့နယ်ဆရာဝန်ဒေါက်တာခင်မောင်ညွန့်နှင့် နယ်မြေခံအလှူရှင် ဦးစောလဲဘွယ်တို့က ဆေးပေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၂၂)

## အမျိုးသမီးငယ်ရွယ်အကြောင်း ပညာပေးဟောပြော

**အုတ်တွင်း မတ် ၁**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးငယ်ရွယ်အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက ကျွဲပွဲရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ငယ်ရွယ်အမျိုးသမီးငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဆွေဦးက အမျိုးသမီးငယ်ရွယ်အကြောင်း သိကောင်းစရာများ ပညာပေး ဟောပြောသည်။

**(အောက်ပုံ)** (၃၁၆)

## မြို့နယ် သတင်းများ

## ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုး

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းသမဝါယမအသင်းစုချုပ်က ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ ပျိုးထောင်စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက နန်းတော်မော်တော်ယာဉ်ဝင်းအတွင်းကျင်းပရာ အထက်မြန်မာပြည် သမဝါယမ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ဖြူ တက်ရောက်၍ စိုက်ပျိုးပေးသည်။

**မျိုးစေ့ချစိုက်ပျိုး**

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင် စိုက်ပျိုးရာသို့ တိုင်းသမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်း သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ဒင်နှင့် အမှုဆောင်များ၊ အမ်ဒီအိုင်အယ်လ် ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာများနှင့် အသင်းစုချုပ် ဝန်ထမ်းများ တက်ရောက်၍ မော်တော်ယာဉ်ဝင်းအတွင်း၊ နို့ချက်စက်ရုံဝင်းအတွင်း၊ သမဝါယမစိုက်ပျိုးရေးခြံဝင်းအတွင်းနှင့် ရန်ကုန်–မန္တလေးလမ်းမျက်နှာစာများတွင် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့တစ်သောင်းကို ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့ချ အပင်များကို စိုက်ပျိုးကြသည်။ **(၁၆၂)**

## အရှင်ဓမ္မသာမိ နယ်လှည့်တရားပွဲ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ၂၈**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ သဲအင်းဂူဝိပဿနာရိပ်သာကျောင်းတိုက် ဆရာတော်(မဟာကမ္မဋ္ဌာနာစရိယ)သဲအင်းဂူ အရှင်ဓမ္မသာမိ၏ နယ်လှည့်တရားပွဲများကို မတ် ၂၈ရက်မှ ဧပြီ ၈ ရက်အထိ ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာအုပ်စုတွင်လည်းကောင်း၊ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ကျောက်ပန်းတောင်း သဲအင်းဂူဓမ္မရိပ်သာတွင်လည်းကောင်း၊ ဧပြီ ၂၁ ရက်မှ မေ ၁ရက်အထိ ဆိတ်ဖြူမြို့နယ်အလိုတော်ပေါက်ဘုရားဓမ္မာရုံတွင်လည်းကောင်း၊ မေ၁၀ရက်မှ ၁၅ရက်အထိ ရေနံချောင်းမြို့ ကျောက်မဆင်ရပ်ကွက် ဓမ္မာရုံတွင်လည်းကောင်း ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(၀၆၁)**

လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာ ယုဇနလမ်း အမှတ်(၃)ဘီနေ ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း)တစ်နှစ်ပြည့်အား ရည်စူး၍ ဇနီးဒေါ်အေးအေးသိန်းနှင့် မိသားစုက ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၂)လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၃၂၀၀၀၀လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က–ပ)

## တောင်ငူမြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းလက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

**တောင်ငူ မတ် ၈**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်က မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်း၍ လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးအေးသန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)** **(မြို့နယ် စည်ပင်)**

## ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုး

**ရွှေတောင် မတ် ၁၀**

ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ဇီဝဒီဇယ်ဆီ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ခြင်းနှင့် မြေချစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာပဲခူးတိုင်း အနောက်ပိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မတ် ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများ ပျိုးထောင်ခြင်း၊ ပျိုးပင်များအား ဝန်ထမ်းအိမ်ရာအနီး မြေကွက်လပ်တွင် မြေချစိုက်ပျိုးခြင်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသန်းဦးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

## ကောက်ရပစ္စည်း ပြန်ပေး အကျင့်စာရိတ္တ ဂုဏ်ပြု

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၂**

နွားထိုးကြီး မြို့မအထက်တန်းကျောင်းခွဲမှ ကျောင်းသူသုံးဦးအား ကျောင်းအုပ်ဆရာကြီး ဦးလင်းက အကျင့်စာရိတ္တဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်က မြို့မကျောင်းမြက်ခင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့မအထက်တန်းကျောင်း ကျောင်းခွဲမှ စတုတ္ထတန်းကျောင်းသူ မအိစုစံ၊ တတိယတန်းကျောင်းသူ မမေမီကျော်နှင့် မစုဝေနှင်းတို့သုံးဦးက ငွေ ၈၃၇၅ကျပ်နှင့် စာရွက်စာတမ်းများပါသောပိုက်ဆံအိတ်ကောက်ရ၍ ပိုင်ရှင်ဖြစ်သူအားတာဝန်သိစွာ ကောက်ရပစ္စည်းအား ပြန်လည်ပေးအပ်၍ ယင်းတို့၏ ရိုးသားသောအကျင့်စာရိတ္တကို ဂုဏ်ပြု၍ ကျောင်းအုပ်ဆရာကြီးဦးလင်းက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(၂၂၇)**

# တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း သံလွင်တံတား(မော်လမြိုင်) မီးရထားချဉ်းကပ်တံတားစစ်ဆေး သတ်မှတ်ရက် အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၁၅**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မီးရထားချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (မော်လမြိုင်ဘက်ကမ်း)လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တိုင်အမှတ် ၆၄နှင့် ၆၆အကြား မီးရထားသံဘီးကာနှင့် လက်ရန်းများ တပ်ဆင်ဆောင်ရွက်မှု အပြီးသတ်အချောထည်လုပ်ငန်းများ ဆောင်ရွက်နေမှုကို မီးရထားချဉ်းကပ်တံတားကြီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ရာ (မော်လမြိုင်ဘက်ကမ်း) စီမံကိန်းရုံးသို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❒

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ သံလွင်တံတား(မော်လမြိုင်) မီးရထားချဉ်းကပ်တံတား တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(ဆောက်လုပ်ရေး)

# ၂၀၀၆ ခုနှစ် (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲစတင် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများရောင်းချမည်

**ရန်ကုန် မတ် ၁၅**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ်(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ် ပြသရာ မွန်းလွဲပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၄* ●

# ကျောက်စိမ်း၊ ပတ္တမြားနှင့် ရွှေရောင်တဖိတ်ဖိတ် တောက်ပနေသည့် မြန်မာ့ပုလဲများပြပွဲ



**ကမ္ဘာ့အဆင့်အတန်းမီ အရည်အသွေးမြင့်မားသည့် မိုးကုတ်ပတ္တမြားကြီးကလည်း ထည်ဝါခံ့ညား တင့်တယ်လှပါဘိ။**

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁၅**

မြန်မာ့မြေသည် ကျောက်သံပတ္တမြား ပေါကြွယ်ဝသည့်မြေဖြစ်သည်။ အဖိုးတန် ကျောက်သံပတ္တမြား အလျှံအပယ်ထွက်ရှိသဖြင့် မြန်မာနိုင်ငံကို ရွှေနိုင်ငံဟု တင်စားခေါ်ကြသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော အဖိုးထိုက် ကျောက်မျက်ရတနာများသည် ကမ္ဘာကျော်သဖြင့် နိုင်ငံတကာမှ ရတနာကုန်သည်များ၊ ကျောက်မျက်ရတနာ စုဆောင်းသူများက အလွန်အမင်း စိတ်ဝင်စားလျက်ရှိကြသည်။

## (၄၃)ကြိမ်မြောက်

၁၉၆၄ ခုနှစ်မှစတင် ကျင်းပခဲ့သော မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ယခုအခါ (၄၃)ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်သည်။ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ရောင်းချမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရတနာကုန်သည်များလည်း စတင်ရောက်ရှိကာ မြန်မာ့ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစေ့ငုနေကြပြီဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

**မြန်မာ့မြေမှ ထွက်ရှိသော အဖိုးတန်ကျောက်စိမ်းတုံးများကလည်း ကမ္ဘာ့ကျောက်မျက်ရတနာကုန်သည်များကို ဆွဲဆောင်နိုင်လျက်ရှိသည်။**

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)